# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၂/၂၀၂၅

## ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ဧရာဝတီတိုင်းဒေသကြီးပန်းတနော်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ဒီဇင်ဘာလအတွင်းကျားပျံစပါးတင်းရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့
- မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ဂျပန်ပဲယဉ်း(နီ) သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ
- မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ဝါစိုက်ပျိုးထုတ်လုပ်ခြင်းက မိသားစုဝင်ငွေရရှိ
- တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ကွမ်းသီးခြောက်များ ဈေးကောင်းရရှိ
- ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း နေလှန်းဆားပိဿာချိန် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့

### နိုင်ငံတကာဈေးကွက်

- ဗီယက်နမ်နိုင်ငံမှ စင်ကာပူနိုင်ငံသို့ ဆန်တင်ပို့မှုမြင့်တက်
- ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့မှု ၂၃ ရာခိုင်နှုန်းကျော် မြင့်တက်
- ရုရှားတွင် ဆန်စပါးရိတ်သိမ်းနိုင်မှု တန်ချိန် ၁ ဒသမ ၂ သန်းကျော်ဖြင့် စံချိန်သစ်တင်ခဲ့
- အိန္ဒိယနိုင်ငံအပါအဝင် ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်း ၅ ရာခိုင်နှုန်းကျော် ကျဆင်း
- ဆန်တင်သွင်းသူများအနေဖြင့် ဈေးနှုန်းသင့်တင့်မျှတသည့် ဆန်အမျိုးအစားများ ဦးစားပေးတင်သွင်းသွားရန် ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ တိုက်တွန်း
- တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံမှ ရေထွက်ကုန်များအား ပြန်လည် တင်သွင်းခွင့်ပြုရန် စဉ်းစားလျက်ရှိ
- အင်ဒိုနီးရှားသည် ၂၀၂၅ ခုနှစ်တွင် ဆန်၊ သကြား၊ ပြောင်း၊ ဆားတို့အား တင်သွင်းခွင့်ပြုမည်မဟုတ်
- ထိုင်းနိုင်ငံ၏ သကာရည်ပို့ကုန်အပေါ် ပေကျင်း၏ ပိတ်ဆို့မှုသည် သကြားထုတ်လုပ်သူများအတွက် သက်ရောက်မှုမရှိ နိုင်ကြောင်း ထိုင်းစက်မှုဝန်ကြီးဌာနက ယုံကြည်လျက်ရှိ
- ဘင်္ဂလားဒေ့ရှ်အမျိုးသားအခွန်ဘဏ္ဍာဘုတ်အဖွဲ့က နေကြာဆီနှင့် ပန်းနှမ်းဆီ(Canola oil) အတွက် သွင်းကုန်အခွန်များဖယ်ရှား
- ထိုင်းဒူးရင်းသီးများအတွက် ပိုမိုတင်းကျပ်သော စစ်ဆေးမှုများကို စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်သွားရန်ရှိ
- ရုရှား-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂၄၅ ဘီလီယံ နီးပါးရှိပြီး အားကောင်းသည့်လမ်းကြောင်း ပေါ်တွင် ဆက်လက်ရှိနေ၊ ငွေပေးချေမှု ၉၅ ရာခိုင်နှုန်းကျော်သည် ရူဘယ်နှင့် ယွမ်များဖြင့် ဆောင်ရွက်
- ဂျပန်နိုင်ငံ၏ စီးပွားရေးမှာ ၂၀၂၅ ခုနှစ်တွင် တိုးတက်လာနိုင်သော်လည်း အမေရိကန်မှ အကောက်ခွန်တိုးမြှင့် သတ်မှတ်ပါက ဂျပန်နိုင်ငံ၏ စီးပွားရေး အပေါ် ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

- ဖိလစ်ပိုင်နိုင်ငံစိုက်ပျိုးရေးဝန်ကြီးဌာနမှ စားနပ်ရိက္ခာဖူလုံရေး အရေးပေါ် ကြေညာချက်အား ထုတ်ပြန်သွားမည်ဖြစ်
- ဖေဖော်ဝါရီလ ၁ ရက်မှစ၍ ကနေဒါ၊ မက္ကဆီကိုနှင့် တရုတ် သွင်းကုန်များအပေါ် အကောက်ခွန်ကောက်ခံမည်ဟု သမ္မတဒေါ်နယ်ထရမ့်က ပြောကြား
- အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီး Piyush Goyal က ၅ နှစ်အတွင်း နနွင်းတန်ချိန် သိန်း ၂၀ အထိ နှစ်ဆတိုးတက်ထုတ်လုပ်နိုင်ရန် ပြောကြား
- ဗီယက်နမ်နိုင်ငံသည်ဥရောပ ၃ နိုင်ငံမှနိုင်ငံသားများကို မတ်လမှစတင်၍ ဗီဇာကင်းလွတ်ခွင့်ပေးသွားမည်
- တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် စီးပွားရေးစဉ်ဆက်မပြတ် ပြန်လည်ဦးမော့လာမည်ဟု ယုံကြည်
- မလေးရှား၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလက်မှတ်ရ ရော်ဘာ တန်ချိန် ၂၀၀ ကို အီးယူသို့ စတင်တင်ပို့
- အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က အမေရိကတိုက် ပြင်ပကမ်းနီးရေတိမ်ပိုင်းရှိဒေသအချို့မှ ရေနံ သို့မဟုတ် သဘာဝ ဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရန် ငှားရမ်းမှုကို ရုပ်သိမ်းကြောင်းစာလွှာများ ထုတ်ပြန်ခဲ့
- ထိုင်းနိုင်ငံနှင့် ဥရောပလွတ်လပ်သောကုန်သွယ်ရေးအသင်း (European Free Trade Association –Efta) တို့အကြား လက်မှတ်ရေးထိုးမည့် ကုန်သွယ်ရေးစာချုပ်သည် ၂၀၂၆ ခုနှစ်တွင် စတင်အသက်ဝင် မည်ဖြစ်
- ဗီယက်နမ်နိုင်ငံ၏ ပီလောပီနံတင်ပို့မှုသည် တရုတ်နိုင်ငံထိပ်တန်းဈေးကွက်သို့ရောက်ရှိ

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- "ဝါးပို့ကုန်မြှင့်တင်ရေးနှင့် ပြည်ပဈေးကွက်အလားအလာ" အလုပ်ရုံဆွေးနွေးပွဲကျင်းပ
- ကုန်သွယ်မှုသတင်းအချက်အလက်မြှင့်တင်ရေးဆိုင်ရာ လေ့ကျင့်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ညွှန်ကြားရေးမှူး တက်ရောက်အမှာ စကားပြောကြား

**ပြည်ပကုန်သွယ်မှုသတင်း**

- ပို့ကုန်အမည်သစ်များတင်ပို့ရေး၊ နိုင်ငံတကာ၏ အရည်အသွေးသတ်မှတ်ချက်များနှင့် ကိုက်ညီစွာတင်ပို့နိုင်ရေး အတွက် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ
- ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့ရန် ဝယ်လိုအား ကောင်းနေတာကြောင့် ပြည်တွင်းပြောင်းဈေးမြင့်တက်လာ
- VIETSTOCK EXPO Forum 2025 ကျင်းပမည်

**အထူးဆောင်းပါးများ**

- တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်တွင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ကျားပျံစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ကျားပျံစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်က ပြောသည်။ ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ကျားပျံစပါးအမျိုးအစား တင်းရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်ထိ ကျားပျံစပါးအမျိုးအစား တင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။ "ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ကျားပျံ စပါးတင်းရေ ၆၆၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရတယ်။ ပန်းတနော်မြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲအများဆုံး တင်ပို့ရောင်းချနေတယ်။ ကျားပျံစပါး အမျိုးအစားက အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်တယ်။ အဲ့ဒီစပါးတွေကို

ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်တယ်။ ကျားပုံစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က ဇန်နဝါရီလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပုံစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေတယ်"ဟု ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦးပြောပြ၍ သိရသည်။ ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းတင်ပို့ရောင်းချခဲ့သည့် ကျားပုံစပါးအမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၈၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်က ပြောပြ၍ သိရသည်။ Source: ရတနာပုံ သတင်းစာ

Source: https://myantrade.gov.mm/article/naypyitaw_2812025_1035

## မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ဂျပန်ပဲယည်း(နီ) သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကထား၍ လုပ်ကိုင်ကြပြီး ရွာသစ်ရပ်ကွက်ရှိ တောင်သူများသည် ကိုင်းကျွန်းမြေများတွင် ကြက်သွန်နီ၊ မြေပဲ၊ ပဲမျိုးစုံသီးနှံများကို စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ပြည်ပဝယ်လိုအားကောင်းပြီး ဈေးကွက်ခိုင်မာလျက်ရှိသော ဂျပန်ပဲယည်း(နီ)သီးနှံများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ ဂျပန်ပဲယည်း(နီ)ကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး မတ်လတွင် ရိတ်သိမ်းရကြောင်း၊ တစ်ဧကလျှင် ဂျပန်ပဲယည်းနီမျိုးစေ့ သုံးပြည်ခန့်နှင့် မျိုး၊ ထွန်ယက်စိုက်ပျိုးခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် သုံးသိန်းခန့်ကုန်ကျကြောင်း၊ ဈေးကွက်အနေဖြင့် ချောက်မြို့ရှိပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့သို့တင်ပို့ကြောင်း သိရသည်။ ပဲယည်း(နီ)သီးနှံသည် စိုက်ပျိုးမှုကုန်ကျစရိတ် သက်သာပြီး အကျိုးအမြတ်များရရှိသည့်သီးနှံဖြစ်ရာ ယခုနှစ် စိုက်ပျိုးရာသီချိန်တွင် ရာသီဥတုကောင်းမွန်၍ ဂျပန် ပဲယည်း(နီ)စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံရိတ်သိမ်းချိန်တွင် အထွက်နှုန်းနှင့် ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိမည်ဖြစ်ကြောင်း ဂျပန်ပဲယည်း(နီ)စိုက်တောင်သူတစ်ဦးထံမှ သိရသည်။ Source: မြန်မာ့အလင်းသတင်းစာ

Source: https://myantrade.gov.mm/article/naypyitaw_2812025_110

## မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ဝါစိုက်ပျိုးထုတ်လုပ်ခြင်းက မိသားစုဝင်ငွေ ရရှိ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည် ဝါစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း၍ ဒေသခံတောင်သူများ ဝါစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် မိသားစုဝင်ငွေရရှိကြောင်း သိရသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၌ ဆိပ်ဖြူမြို့နယ်တွင် ဝါကြီး၊ ချည်မျှင်ရှည်၊ ငွေချည်-၉၊ ရွှေတောင်-၈ နှင့် ၁၀၊ B-31 ဝါမျိုးများကို စိုက်ပျိုးခဲ့ပြီး စုစုပေါင်း ဝါသီးနှံ စိုက်ဧက ၂၉၁၂ ဧက စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့သည်။ ဒေသခံဝါစိုက်တောင်သူများအနေဖြင့် ဝါစိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်းခဲ့ပြီးဈေးကောင်းများရရှိခဲ့ကြောင်း ဝါစိုက်ပျိုးထုတ်လုပ်မှု တစ်ဧကလျှင် ပိဿာချိန် ၆၀၀ မှ ၈၅၀ ပိဿာအထိ ထွက်ရှိကြောင်း၊ ဈေးကွက် အနေဖြင့် ချောက်မြို့ စလေဈေးကွက်တို့ရှိ ဝါအဝယ်ဒိုင်များသို့ သွားရောက်ရောင်းချခြင်း၊ ကျေးရွာများအရောက်လာရောက် ဝယ်သူရောင်းချခြင်းများ ဆောင် ရွက်ကြပြီး ဝါစိုက်တောင်သူများအနေဖြင့် ဝါစိုက်ပျိုး ထုတ်လုပ်မှုမှ မိသားစုဝင်ငွေရရှိကြောင်း သိရသည်။

Source: ကြေးမုံသတင်းစာ

Source: https://myantrade.gov.mm/article/naypyitaw_2812025_305

## တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ကွမ်းသီးခြောက်များ ဈေးကောင်းရရှိ

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်တွင် ယခုနှစ်ပွင့်လင်းရာသီ၌ ကွမ်းသီးခြောက်အထွက်နည်းပါး၍ ကွမ်းသီးများ ဈေးကောင်းရရှိနေကြောင်း ဒေသခံကွမ်းသီးစိုက်ခြံရှင်များထံမှ သိရသည်။ မြိတ်မြို့နယ်တွင် ယခင် မိုးရာသီအချိန်က တရုတ်နိုင်ငံမှ ကွမ်းသီးနုများကို ဈေးကောင်းဝယ်ယူသည့်အတွက် ခြံရှင်များက ကွမ်းသီးနုများကို ခူးဆွတ်ရောင်းချခြင်း များပြားခဲ့သည်။ ယခုနှစ်တွင် ကွမ်းသီးအထွက်နည်းပါးသလို ဈေးကွက်အတွင်း ကွမ်းသီးခြောက်အဝင်နည်းပါးသည့်အတွက် ဝယ်လိုအားနှင့် ရောင်းလိုအား မမျှသောကြောင့် ကွမ်းသီးခြောက်များ ဈေးကောင်းရရှိနေကြောင်း သိရသည်။ ယခုနှစ် ပွင့်လင်းရာသီတွင် မြိတ်ဒေသဈေးကွက်အတွင်းသို့ ကွမ်းသီးခြောက်များ အဝင်နည်းပါးသည့်အတွက် ကွမ်းသီးခြောက်များဈေးမြင့်တက်ကာ ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်းနှင့် ယခင်နှစ်များက တနင်္သာရီမြို့နယ်ဘက်မှထွက်ရှိသောကွမ်းသီးများ မြိတ်ဒေသဈေးကွက်အတွင်းသို့ ဝင်ရောက်လာသော်လည်း ယခုနှစ်တွင်း တနင်္သာရီမြို့နယ်ဘက်မှ ကွမ်းသီးခြောက်များ ဝင်ရောက်မှုနည်းပါးကြောင်းသိရသည်။ မြိတ်မြို့နယ်တွင် ယခင်နှစ် ဇွန်၊ ဇူလိုင် ကွမ်းသီးနုပေါ်ချိန်၌ ကွမ်းသီးနုများကို တရုတ် ဝယ်လက်များက ဈေးကောင်းပေးဝယ်ယူမှုများခြင်းကြောင့် ဒေသခံကွမ်းသီးစိုက်တောင်သူများက ကွမ်းသီးခြောက်သည့်အချိန်ထိ

မစောင့်ဘဲ ခူးဆွတ်ရောင်းချခဲ့သဖြင့် ယခုနှစ်ပွင့်လင်းရာသီအချိန် ကွမ်းသီးခြောက်များ အထွက်နည်းပါး၍ ဈေးကွက်အတွင်းတွင် ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း ဒေသခံဥယျာဉ်ခြံစိုက် တောင်သူ များထံမှ သိရသည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ကွမ်းသီးများကို ရေဖြူ၊ လောင်းလုံး၊ သရက်ချောင်း၊ ပုလော၊ မြိတ်၊ တနင်္သာရီ၊ ကျွန်းစု၊ ဘုတ်ပြင်း စသည့်မြို့နယ်များ၌ အဓိကစီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ပြီး တနင်္သာရီနှင့် ဘုတ်ပြင်းမြို့နယ်တို့တွင် ယခင်နှစ်များက ကွမ်းသီးအထွက်နှုန်းများပြားကြောင်း သိရသည်။ Source: ကြေးမုံသတင်းစာ

Source: https://myantrade.gov.mm/article/naypyitaw_2712025_1115

## ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း နေလှန်းဆား ပိဿာချိန် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း နေလှန်းဆား ပိဿာချိန် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ကပြောပြ၍ သိရသည်။ လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်းက ဒေသထွက်နေလှန်းဆား ပိဿာချိန် ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း နေလှန်းဆားပိဿာချိန် ၇၂,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ "လပွတ္တာမြို့နယ်ကနေ ဒေသထွက်နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ဒီဇင်ဘာလအတွင်း ပိဿာချိန် ၇၂,၀၀၀ ထိတင်ပို့ရောင်းချခဲ့ရတယ်။ လက်ရှိဇန်နဝါရီလထဲမှာလဲ ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချနေရတယ်။ အခုလို ဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းကောင်းနေတယ်။ ဒီဘက်ကထွက်တဲ့ နေလှန်းဆားတွေက အရည်အသွေးလဲကောင်းတယ်"ဟု လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ကပြောပြသည်။ လပွတ္တာမြို့နယ်တွင် ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များကစနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါနေလှန်းဆား ၁၀ ပိဿာလျှင်ငွေကျပ် ၆၀,၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိက အသုံးပြုကြကြောင်း ဆက်လက်ပြောပြ၍ သိရသည်။ Source: ရတနာပုံ သတင်းစာ

Source: https://myantrade.gov.mm/article/naypyitaw_3112025_1105

# နိုင်ငံတကာဈေးကွက်

## ဗီယက်နမ်နိုင်ငံမှ စင်ကာပူနိုင်ငံသို့ ဆန်တင်ပို့မှုမြင့်တက်

စင်ကာပူနိုင်ငံသို့ ဗီယက်နမ်ဆန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်တွင် သိသာထင်ရှားသော တိုးတက်မှုရှိပြီး စင်ကာပူနိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ တတိယအကြီးဆုံး ဆန်တင်သွင်းသူအဖြစ် ရပ်တည်ခဲ့ကြောင်း စင်ကာပူရှိ ဗီယက်နမ်ကုန်သွယ်မှုရုံး၏ အဆိုအရ သိရသည်။

ပို့ကုန်ဝင်ငွေသည် စင်ကာပူဒေါ်လာ ၁၂၈ ဒသမ ၉ သန်း (အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၂ သန်း) ရောက်ရှိခဲ့ပြီး စင်ကာပူဆန်ဈေးကွက်ဝေစု၏ ၂၈ ဒသမ ၂၅ ရာခိုင်နှုန်းကို ကိုယ်စားပြုခဲ့ကြောင်းနှင့် ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၈ ဒသမ ၄၅ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် စင်ကာပူသို့ ထိပ်တန်းဆန်တင်ပို့သူအဖြစ် ရပ်တည်နေပြီး ဈေးကွက် ဝေစု၏ ၃၂ ဒသမ ၄၈ ရာခိုင်နှုန်းနှင့် ၃၀ ဒသမ ၁၉ ရာခိုင်နှုန်းအသီးသီးရှိပြီး ပို့ကုန်ရငွေမှာ စင်ကာပူဒေါ်လာ ၁၄၈ ဒသမ ၁၉ သန်းနှင့် ၁၃၇ ဒသမ ၇၅ သန်း ဖြစ်ကြောင်းသိရသည်။

စင်ကာပူ၏ ဆန်တင်သွင်းမှုသည် ၂၀၂၄ ခုနှစ်တွင် စုစုပေါင်းတန်ဖိုး စင်ကာပူဒေါ်လာ ၄၅၆ ဒသမ ၂ သန်းကျော်အထိ ရောက်ရှိခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ ဆန်အမျိုးအစားသုံးမျိုးဖြစ်သည့် ဆန်ဖြူ ၄၂ ဒသမ ၂၃ ရာခိုင်နှုန်း၊ ကြိတ်ခွဲပြီးဆန် (သို့မဟုတ်) ဆန်မွှေး ၆၅ ဒသမ ၇၃ ရာခိုင်နှုန်းနှင့် ကောက်ညှင်းဆန် ၇၇ ဒသမ ၀၂ ရာခိုင်နှုန်းတို့သည် အဆိုပါ ဆန်ဈေးကွက်တွင် လွှမ်းမိုးထားကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ဦးဆောင်နေရာတွင်ရှိနေသော်လည်း နှစ်ကုန်ပိုင်းတွင် ဆန်ဖြူတင်ပို့မှုအကန့်အသတ်ဖြစ်လာသောကြောင့် အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့က ကျော်တက်သွားပြီး စင်ကာပူဈေးကွက်တွင် ဦးဆောင်နေရာကို ဆုံးရှုံးခဲ့ရကြောင်း ဖော်ပြထားသည်။

စင်ကာပူနိုင်ငံရှိ ဗီယက်နမ်ကုန်သွယ်ရေးရုံး၏ အကြီးအကဲဖြစ်သူ Cao Xuan Thang က ဗီယက်နမ် စီးပွားရေးလုပ်ငန်းများနှင့် ဆန်စပါးအသင်းအဖွဲ့များ၏ ဆန်ဖြူတင်ပို့ရန်အတွက် ကုန်သွယ်ရေးမြှင့်တင်ရေးကြိုးပမ်းမှုများတွင် အောင်မြင်မှုအနည်းငယ်သာရရှိခဲ့ကြောင်း ပြောကြားခဲ့သည်ဟု ဖော်ပြထားသည်။

ဆန်ကျင်ဘက်အားဖြင့် ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ကဲ့သို့သော ပြိုင်ဖက်နိုင်ငံများသည် ဈေးကွက်ချဲ့ထွင်မှုအတွက် ကြီးကြီးမားမားရင်းနှီးမြှုပ်နှံကြပြီး ၎င်းတို့၏ အမှတ်တံဆိပ်ကို မြှင့်တင်ရန်အတွက် တင်သွင်းသူများနှင့် မိတ်ဖက်များထူထောင်ထားကြောင်း၊ Thang က ဈေးကွက်ရှာဖွေရေးမဟာဗျူဟာများ မြှင့်တင်လုပ်ဆောင်ရန်၊ အမှတ်တံဆိပ်တည်ဆောက်ရန်နှင့် စင်ကာပူဆန်ဈေးကွက်တွင် ဗီယက်နမ်နိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန် ရေရှည်စီမံကိန်းများလိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်ဟု ဖော်ပြထားသည်။ Source: Viet Nam News ,(စီးပွားရေးသံမှူး၊ ဟနွိုင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_240120250203

## ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့မှု ၂၃ ရာခိုင်နှုန်းကျော် မြင့်တက်

ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ဇန်နဝါရီလ ၁ ရက်မှ ၁၅ ရက်အတွင်း တန်ချိန် ၂၆၈,၇၀၀ တန် တင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၆၅ ဒသမ ၇ သန်းနီးပါးနှင့် ပမာဏအားဖြင့် ၃၈ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ တန်ဖိုးအားဖြင့် တစ်နှစ်ထက်တစ်နှစ် ၂၃ ဒသမ ၂၈ ရာခိုင်နှုန်းတိုးလာကြောင်း ဗီယက်နမ် စားနပ်ရိက္ခာအသင်း (VFA) ၏ အဆိုအရ သိရသည်။

သို့ရာတွင် ဆန်ကွဲ ၅ ရာခိုင်နှုန်း၏ ပို့ကုန်ဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၃ သို့ ကျဆင်းခဲ့ပြီး ဆန်ကွဲ ၂၅ ရာခိုင်နှုန်းပါဝင်မှုသည် တစ်တန်လျှင် ၃၈၇ ဒေါ်လာသို့ ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်အနေဖြင့် အပြုသဘောဆောင်သော စတင်မှုရှိနေသော်လည်း ကမ္ဘာလုံးဆိုင်ရာပြိုင်ဆိုင်မှုနှင့် အိန္ဒိယ၏ ပို့ကုန်ဈေးကွက်သို့ ပြန်လည်ရောက်ရှိလာမှုတို့ကိုကိုးကား၍ ဗီယက်နမ်စားနပ်ရိက္ခာအသင်းမှ ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုအတွက် စိန်ခေါ်သည့် နှစ်တစ်နှစ်ဖြစ်နိုင်ကြောင်း ခန့်မှန်း ထားသည်။ ၂၀၂၅ ခုနှစ်အတွက် ခန့်မှန်းထားသည့် ပို့ကုန်ပမာဏမှာ တန်ချိန် ၇ ဒသမ ၅ သန်းဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် စံချိန်တင်ပမာဏထက် ကျဆင်းသွားကြောင်း တွေ့ရသည်။

ပြည်တွင်းဈေးကွက်တွင်မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသမှတောင်သူများသည်ဝယ်လိုအားလျော့ကျကာ ဆန်ဈေးကျဆင်းမှုနှင့် ကြုံတွေ့နေရသည်။ IR 50404 နှင့် OM 5451 ကဲ့သို့သော အဓိကဆန်မျိုးကွဲ များကို တစ်ကီလိုဂရမ်လျှင် ၅,၅၀၀ မှ ၅,၇၀၀ ဗီယက်နမ်ဒေါင်နှင့် ၅,၅၀၀ မှ ၆,၀၀၀ ဗီယက်နမ်ဒေါင် အသီးသီးရောင်းချလျက်ရှိကြောင်းသိရသည်။ အထူးသဖြင့် အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့ကဲ့သို့ပြိုင်ဘက်များထံမှ ပေါများသောကမ္ဘာ့ရောင်းလိုအားကြောင့် ယခုကဲ့သို့ ဈေးနှုန်းကျဆင်းရခြင်းဖြစ်ပါကြောင်း ဖော်ပြထားသည်။

An Giang ၏ လက်လီဆန်ဈေးနှုန်းများသည် အမျိုးအစားပေါ်မူတည်၍ တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၁၅,၀၀၀ (အမေရိကန်ဒေါ်လာ ၆၀) မှ ၂၂,၀၀၀ (အမေရိကန်ဒေါ်လာ ၈၈)ရှိကြောင်း၊ ဖွဲနုနှင့် ဆန်ကွဲတို့မှာ တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၅၆,၀၀၀ မှ ၇၃,၀၀၀ ကြားရှိကြောင်း ရေးသားဖော်ပြထားသည်။

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသများတွင် နွေစပါးစိုက်ဧက ၁ ဒသမ ၄၆ သန်းကျော်စိုက်ပျိုးခဲ့ပြီး ဇန်နဝါရီလ ၂၀ ရက်နေ့အထိ ဟက်တာ ၈၅,၀၀၀ ရိတ်သိမ်းပြီးဖြစ်သည်။ သို့ရာတွင် နွေနှင့်မိုး စသည့် ရာသီဥတုအပြောင်းအလဲမြန်သည့် Dong Thap နှင့် Kien Giang ကဲ့သို့သော ပြည်နယ်များ၌ အရွက်များတွင် ပိုးမွှားအန္တရာယ်ဖြစ်နိုင်ချေများကြောင်း ဖော်ပြထားသည်။

တောင်သူလယ်သမားများအား ၎င်းတို့၏စိုက်ခင်းများကို အနီးကပ်စောင့်ကြည့်ရန်နှင့် စိုက်ပျိုးရာသီအစတွင် ဆုံးရှုံးမှုများလျော့ပါးစေရန် ကြိုတင်ကာကွယ်ရေးအစီအမံများဆောင်ရွက်ရန် စိုက်ပျိုးရေးဌာနမှ အကြံပြုထားကြောင်း သိရသည်။

Source: Vietnam Plus,(စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟနွိုင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp-310120250400

## ရုရှားတွင် ဆန်စပါးရိတ်သိမ်းနိုင်မှု တန်ချိန် ၁ ဒသမ ၂ သန်းကျော်ဖြင့် စံချိန်သစ်တင်ခဲ့

ရုရှားနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင်(စိုက်ပျိုးရေးရာသီ – ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇွန်လ ၃၀ ရက်အထိ) ဆန်စပါးတန်ချိန် ၁ ဒသမ ၂ သန်းကျော်ရိတ်သိမ်းနိုင်ခဲ့ပြီး ယခင်နှစ် စံချိန်ထက် ၁၇ ရာခိုင်နှုန်း ပိုများခဲ့ကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ရုရှားသည် ၂၀၃၀ ပြည့်နှစ်တွင် စပါးတန်ချိန် ၂ သန်းအထိ ရိတ်သိမ်းနိုင်ရန် လျာထားပြီး ပြည်တွင်းလိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရုံသာမက ပို့ကုန်အလားအလာကိုလည်း ကောင်းမွန်စွာဖန်တီးပေးနိုင်မည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံတွင် စပါးသီးနှံစိုက်ခင်းဧရိယာသည် ခန့်မှန်း ၂၀၇,၀၀၀ ဟက်တာရှိသည်။ ၂၀၂၄ ခုနှစ်တွင် စပါးထုတ်လုပ်နိုင်မှု၏သုံးပုံနှစ်ပုံနီးပါးသည် ရုရှားနိုင်ငံတောင်ပိုင်းရှိ Krasnodar နယ်မြေမှဖြစ်ပြီး စုစုပေါင်း တန်ချိန် ၈၂၉,၀၀၀ ရိတ်သိမ်းနိုင်ခဲ့သည်။ အခြားစိုက်ပျိုးထုတ်လုပ်သည့် ပြည်နယ်၊ နယ်မြေများမှာ Dagestan ၊ Rostov Oblast ၊ Chechen ၊ Astrakhan နှင့် Primorsky Krai တို့ဖြစ်သည်။

ရုရှားတွင် ဆန်စပါးထုတ်လုပ်နိုင်မှုသည် နှစ်စဉ် တန်ချိန် ၁ သန်းကျော်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် စပါးတန်ချိန် ၁ ဒသမ ၁ သန်းကျော် ရိတ်သိမ်းနိုင်ခဲ့သည်။

ပြည်တွင်းဆန်ဖူလုံမှုရရှိစေရန် ရည်ရွယ်လျက် ရုရှားနိုင်ငံမှ ဆန်နှင့် ဆန်စပါးတင်ပို့မှု တားမြစ်ချက်ကို ၂၀၂၂ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့ပြီး ၆ လတစ်ကြိမ် ပုံမှန်သက်တမ်းတိုးခဲ့ရာ လက်ရှိတွင် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃၀ ရက် အထိ သက်တမ်းတိုးထားကြောင်း သိရသည်။

ရုရှားနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသော ဆန်စပါးများသည် ဆန်လုံးတို(short grain rice)သာဖြစ်ပြီး ပြည်တွင်းစားသုံးရန်အတွက် လုံလောက်စွာထွက်ရှိသော်လည်း ဆန်လုံးရှည် (Long grain rice)သည် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် ပြည်ပနိုင်ငံများမှတင်သွင်းလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံသို့ ဆန်လုံးရှည်တင်ပို့နိုင်မည့် အလားအလာကောင်းများရှိနေကြောင်း သိရသည်။

Source : https://www.interfax.ru/business/1001269,(စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source:https://myantrade.gov.mm/article/Naypyitawstp_150120250941

## အိန္ဒိယနိုင်ငံအပါအဝင် ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်း ၅ ရာခိုင်နှုန်းကျော် ကျဆင်း

ပြီးခဲ့သည့် သီတင်းပတ်သုံးခုအတွင်း အိန္ဒိယနိုင်ငံအပါအဝင် ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်ဝယ်လိုအား ကျဆင်းလာခြင်း၊ ထုတ်လုပ်မှုနှင့် ရောင်းလိုအားမြင့်တက်လာခြင်းတို့ကြောင့် ဆန်ဈေးနှုန်း ၅ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ဇန်နဝါရီလ ၉ ရက်က ဖော်ပြသည်။

ယခုနှစ်တွင် ဆန်ဈေးနှုန်းများ သိသိသာသာကျဆင်းလာခဲ့ကြောင်း၊ ဥပမာ ဒီဇင်ဘာလ အစောပိုင်းက ချန်နိုင်းမှ Sona Masuri ဆန်ဈေးသည် ၁ ကီလိုဂရမ်လျှင် ၄၂ ရူပီးမှ ၆၂ ရူပီးသို့ ကျဆင်းခဲ့ကြောင်း၊ အလားတူ ဥရောပသမဂ္ဂ စံချိန်စံညွှန်းမီ Sona Masuri ဆန်ဈေးသည် ၁ ကီလိုဂရမ်လျှင် ၅၂ ရူပီးမှ ၅၄ ရူပီးသာရှိကြောင်း နယူးဒေလီမြို့အခြေစိုက်ကုန်သွယ်ရေးလေ့လာသူ S Chandrasekaran က ပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံမှ ဈေးနှုန်းသက်သာသောဆန်များကို ဗီယက်နမ် နှင့် စင်ကာပူနိုင်ငံများသို့လည်းကောင်း ဈေးနှုန်းမြင့်သောဆန်များကို ဥရောပနှင့် အမေရိကန်ပြည်ထောင်စုသို့လည်းကောင်း ရောင်းချကြောင်းသိရသည်။

သီရိလင်္ကာနိုင်ငံမှ ဆန်အဝယ် အမှာစာများရပ်တန့်သွားပြီဖြစ်ကြောင်း၊ ၎င်းအစိုးရမှ အမြင့်ဆုံးထားရှိရမည့် ဆန်ဈေးနှုန်းအားသတ်မှတ်ခဲ့သည့်အတွက် သွင်းကုန်များကျဆင်းသွားခဲ့ကြောင်း၊ ထို့ကြောင့် နောက်ထပ်စုံစမ်းမေးမြန်းလာမှုများလည်းမရှိသေးဟု Rajathi Group ပို့ကုန်လုပ်ငန်းမှ ဒါရိုက်တာ M Madan Prakash က ပြောကြားခဲ့သည်။

အိန္ဒိယဆန်တင်ပို့သူများမှ အာမခံနှင့် ကုန်တင်စရိတ်အပါအဝင် ၁ တန်လျှင် ကန်ဒေါ်လာ ၅၈၀ ခန့်ဖြင့် ရောင်းချရန်ကမ်းလှမ်းထားသော်လည်း မလေးရှားနိုင်ငံ ဆန်ဝယ်ယူသူများမှ ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၀ ဖြင့်ရောင်းချပေးရန် ဈေးဆစ်ခဲ့ကြောင်း၊ သို့သော် ဆန်တင်ပို့သူများအနေဖြင့် ကုန်တင်စရိတ်များကြီးမြင့်သည့်အတွက် အဆိုပါဈေးနှုန်းဖြင့် ရောင်းချလိုခြင်းမရှိကြကြောင်း သိရသည်။

အိန္ဒိယဆန်ဈေးနှုန်းမှာ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ဆန်ဈေးနှုန်းများနှင့်နှိုင်းယှဉ်လျှင် များစွာလျှော့ကျသွားခြင်းမျိုးမရှိဟု အိန္ဒိယဆန်တင်ပို့ရောင်းချသူများအသင်း (The Rice Exporters Association –TREA) ဥက္ကဋ္ဌ BV Krishna Rao က ပြောကြားခဲ့သည်။ ဒေါ်လာနှင့်ချိတ်ဆက်သောရူပီးဈေး ကျဆင်းသဖြင့် ဆန်ဈေးနှုန်းကျဆင်းပြီး အိန္ဒိယဆန်ဝယ်လိုအားကျဆင်းလာကြောင်း နယူးဒေလီမြို့အခြေစိုက် ဆန်ကုန်သည်တစ်ဦးဖြစ်သူ Rajesh Paharia Jain က ပြောကြားခဲ့သည်။

လက်ရှိဖြစ်ပေါ်လျက်ရှိသော ဆန်ဈေးနှုန်းများကိုကြည့်လျှင် ထိုင်းနိုင်ငံမှ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ဆန်မှာ ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၄ ရှိပြီး၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလလယ်က ၁ တန်လျှင် ကန်ဒေါ် လာ ၅၂၃ ရှိသဖြင့် ကျဆင်းခဲ့ကြောင်း ထိုင်းနိုင်ငံဆန်တင်ပို့ရောင်းချသူများအသင်း (Thai Rice Exporters Association) မှ သိရသည်။ အိန္ဒိယမှ အလားတူဆန်၏ ဈေးနှုန်းမှာ ၁ တန်လျှင် ကန်ဒေါ်လာ ၄၄၇ မှ ၄၅၁ ဖြင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံမှ ၁ တန်လျှင် ကန်ဒေါ်လာ ၄၆၀ မှ ၄၆၄ ဖြင့်လည်းကောင်း ဈေးဖွင့်ထားကြောင်း သိရသည်။

ပေါင်းဆန်ဈေးကွက်တွင်မူ အိန္ဒိယမှ နှုတ်ဖျားအသာစီးရရှိလျက်ရှိပြီး ၁ တန်လျှင် ကန်ဒေါ်လာ ၄၄၀ မှ ၄၄၄ ဖြင့် ကမ်းလှမ်းရောင်းချလျက်ရှိစဉ် ပါကစ္စတန်ပေါင်းဆန်မှာ ကန်ဒေါ်လာ ၄၆၂ မှ ၄၆၆ ဖြင့်လည်းကောင်း၊ ထိုင်းပေါင်းဆန်မှာ ကန်ဒေါ်လာ ၅၀၆ ဖြင့်လည်းကောင်း ကမ်းလှမ်းရောင်းချလျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် မည်သည့်ဆန်စက်ကမျှ ဆန်လက်ကျန်များ ချန်ထားလိုခြင်းမရှိဟု Chandrasekaran က ပြောကြားခဲ့သည်။ ယင်းအချက်က ခါရစ်(မိုးရာသီ)တွင် ဆန်စပါး စံချိန်တင်ထွက်ရှိထားကြောင်း ပြသလျက်ရှိကြောင်း သိရသည်။ လက်ရှိသီးနှံနှစ်အတွင်း မိုးစပါးအထွက်နှုန်းသည် တန်ချိန် ၁၁၉ ဒသမ ၃၄ သန်းရှိကာ၊ ယခင်နှစ်ကာလတူက တန်ချိန် ၁၁၃ ဒသမ ၂၆ သန်းသာ ထွက်ရှိသည့်အတွက် စံချိန်တင် တိုးတက်လာခဲ့ကြောင်း အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများဖူလုံရေးဝန်ကြီးဌာနမှ ခန့်မှန်းထားသည်။ အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဌာန (USDA) နှင့် The trade တို့မှ ယခုနှစ်သီးနှံရာသီအတွက် အိန္ဒိယနိုင်ငံ၏ ဆန်စပါး ထုတ်လုပ်မှုကို တန်ချိန် ၁၃၇ သန်းခန့် ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံမှ ဆန်ကုန်သေတ္တာ ၅၀၀ ခန့်သည် မလေးရှားနိုင်ငံ Pasir Gudang ဆိပ်ကမ်း၌ ရွေးယူမည့်သူမရှိဘဲ ပိတ်မိလျက်ရှိကြောင်း၊ ဆန်ဈေးနှုန်းများ ရုတ်တရက်ကျဆင်းခဲ့သည့်အတွက် ဆန်ဝယ်သူများက လက်ခံရန်ငြင်းပယ်ခဲ့သည့်အတွက် ယင်းသို့ဆိပ်ကမ်း၌ ပိတ်မိလျက်ရှိနေကြောင်း Prakash က ပြောကြားခဲ့သည်။ ထို့ကြောင့် ဆန်တင်ပို့သူများအနေဖြင့် အဆိုပါဆန်များကို ရရာဈေးနှုန်းဖြင့်ရောင်းချသွားရန်ရှိပြီး၊ ယင်းအချက်ကလည်း ဆန်ဈေးကွက်အပေါ် ဖိအားတစ်ခု ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သို့ ဆန်အနည်းငယ်သောပမာဏကို တင်ပို့ရောင်းချ ထားပြီးဖြစ်ကြောင်း၊ အာဖရိကဘက်မှ ဆန်ဝယ်လိုအားကောင်းမွန်လျက်ရှိပြီး၊ ယခုအခါ ယင်းသို့တင်ပို့မည့် ဆန် သင်္ဘော ၁၈ စီးမှာ Kakinada ဆိပ်ကမ်း၌ ဆိုက်ကပ်ထားပြီဖြစ်ကြောင်း အိန္ဒိယ ဆန်တင်ပို့ ရောင်းချသူများ အသင်း (TREA) ၏ ဥက္ကဋ္ဌ Rao ပြောကြားခဲ့သည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် ဆန်တန်ချိန် ၁ သန်းအား အမျိုးသားသမဝါယမပို့ကုန်လီမိတက်မှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံသို့ ရောင်းချသွားရန်ရှိကြောင်း အိန္ဒိယနိုင်ငံစိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများဖူလုံရေး ဝန်ကြီးဌာန ဝန်ကြီး Shivraj Singh Chouhan က ပြီးခဲ့သည့် သီတင်းပတ်က ပြောကြားခဲ့သည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အစည်း (The Food and Agriculture Organisation –FAO) ကလည်း ကမ္ဘာ့ဆန် ဈေးနှုန်းကျဆင်းဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

Ref: The Hindu Businessline, Global rice prices drop over 5% on slack demand, ample supplies, January 09, 2025,စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့။

Source: https://myantrade.gov.mm/article/Naypyitawstp-13120251240

## ဆန်တင်သွင်းသူများအနေဖြင့် ဈေးနှုန်းသင့်တင့်မျှတသည့် ဆန်အမျိုးအစားများ ဦးစားပေးတင်သွင်းသွားရန် ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ တိုက်တွန်း

ပြည်တွင်း အစားအသောက်ကုန်စည်ဈေးနှုန်းများ မြင့်တက်ခြင်း(Food Inflation) သက်သာလျော့နည်းစေရန်၊ ဆန်ဈေးနှုန်းများလျော့ကျမှုကို အထောက်အကူဖြစ်စေရန် ဆန်တင်သွင်းသူများအနေဖြင့် ဈေးနှုန်းသင့်တင့်မျှတသောဆန် အထူးသဖြင့် ၂၅ မှတ်ဆန်အမျိုးအစား (25% broken grain content)များကို ဦးစားပေးတင်သွင်းရန် စိုက်ပျိုးရေးဝန်ကြီးမှ ဆန်တင်သွင်းသူများကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့က ခေါ်ယူတွေ့ဆုံ၍ တိုက်တွန်းပြောကြားခဲ့သည်။

သမ္မတမားကို့စ်ဂျူနီယာအစိုးရ၏ Kadiwa ng Pangulo (Rice-for-all Program) အရ မြို့တော်မနီလာ အပါအဝင်မြို့နယ်များတွင် ဆန် well-milled rice တစ်ကီလိုလျှင် ပီဆို ၄၀ မှ ၄၅ ကြားဖြင့် ရောင်းချပေးနေသည့် အစီအစဉ်များကို အထောက်အပံ့ဖြစ်စေရန်မှာ ပုဂ္ဂလိကကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍအနေဖြင့် ပါဝင်နေကြောင်း၊ Kadiwa ဆန်လက်လီရောင်းချသည့်ဆိုင်များအား လက်ရှိ မက်ထရိုမနီလာတွင် ၂၆ ဆိုင်ဖွင့်လှစ်ထား ရှိနိုင်ခဲ့ပြီး မနီလာမြို့တွင်းကျန်ရှိသည့်မြို့နယ်များတွင်လည်း ဆက်လက်ဖွင့်လှစ်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

Kadiwa Center များသည် အမှန်တကယ်လိုအပ်နေသည့်လူများအတွက် အခြေခံစားသုံးကုန်စည်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ရန် ဖွင့်လှစ်ထားရှိခြင်းဖြစ်ပါကြောင်း၊ အထူးသဖြင့် ဆန်ကဲ့သို့သော အဓိက လိုအပ်သည့် အခြေခံစားသောက်ကုန်စည်များကို တန်ဖိုးနည်းပါးသည့်နှုန်းထားဖြင့် လက်လှမ်းမီနိုင်စေရန်ရည်ရွယ်သည်။ စားသုံးသူများအတွက် ယခုကဲ့သို့ အစီအစဉ်များဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်တွင်လည်း အစိုးရအနေဖြင့် စပါးတောင်သူများနှင့် ဆန်တင်သွင်းနေသည့် ကုန်သည်များ၊ ဆန်စက်ပိုင်ရှင်များသို့လည်း အထွက်နှုန်းတိုးစေရေး၊ သင့်တင့်သည့် အမြတ်ရရှိနိုင်စေရေး လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိကြောင်း ဖော်ပြပါရှိသည်။ စီးပွားရေးသံမှူး၊ မနီလာမြို့

Source: https://myantrade.gov.mm/article/npt-7120240130

## တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံမှ ရေထွက်ကုန်များအား ပြန်လည် တင်သွင်းခွင့်ပြုရန် စဉ်းစားလျက်ရှိ

ဖူကူရှီးမား နျူကလီးယား ဓာတ်အားပေးစက်ရုံအနီး ပင်လယ်ထဲရှိ ရေများမှာဘေးကင်းကြောင်း စစ်ဆေးတွေ့ရှိပြီးနောက်တွင် တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံမှ ရေထွက်ကုန်များအား ပြန်လည်တင်သွင်းခွင့်ပြုရန် စဉ်းစားလျက်ရှိကြောင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့ထုတ် The Nikkei Asia သတင်းစာတွင် “China contemplates allowing seafood imports from Japan” ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်းတွင် တရုတ်နိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း ဂျပန်နိုင်ငံမှ ရေထွက်ကုန်များ တင်သွင်းခွင့်ကို ပြန်လည်ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ငလျင်ဒဏ်သင့် နျူကလီးယားဓာတ်အားပေးစက်ရုံမှ သန့်စင်ပြီးရေများအား ပင်လယ်ထဲသို့စတင်စွန့်ပစ်ခဲ့သည့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လမှ စတင်၍ တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံမှ ရေထွက်ကုန်များ တင်သွင်းခွင့်အားပိတ်ပင်ခဲ့ကြောင်း၊ ဂျပန်နိုင်ငံမှ စွန့်ပစ်မည့်ရေများမှာဘေးကင်းကြောင်း အပြည်ပြည်ဆိုင်ရာနျူကလီးယားစွမ်းအင်အေဂျင်စီမှ အတည်ပြုပြီးဖြစ်သော်လည်း အဆိုပါ စွန့်ပစ်မည့်ရေများတွင် နျူကလီးယားဓာတ်များ ပါဝင်သည်ဟုဆိုကာ တရုတ်နိုင်ငံမှ ကန့်ကွက်ခဲ့ကြောင်းဖော်ပြထားသည်။

နျူကလီးယားဓာတ်အားပေးစက်ရုံမှစွန့်ပစ်ရေနမူနာများအား တရုတ်နိုင်ငံမှစစ်ဆေးခွင့်ကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ဂျပန်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ နျူကလီးယား စွမ်းအင်အေဂျင်စီတို့မှ ခွင့်ပြုပေးခဲ့ကြောင်း၊ ထိုသို့ တရုတ်နိုင်ငံမှ စစ်ဆေးပြီးချိန်တွင် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဂျပန်နိုင်ငံ၏ရေထွက်ကုန်များကို တရုတ်နိုင်ငံမှတဖြည်းဖြည်းပြန်လည်တင်သွင်းခွင့်ပြုရမည်ဖြစ်ကြောင်း ဂျပန်အစိုးရနှင့်တရုတ်အစိုးရတို့အနေဖြင့်သဘောတူညီခဲ့ကြကြောင်း ဖော်ပြထားသည်။

တရုတ်ပြည်တွင်းအထူးအေဂျင်စီမှ ပင်လယ်ထဲရှိ ရေနမူနာများရယူကာ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ လလယ်တွင် စစ်ဆေးခဲ့ကြောင်း၊ ဂျပန်ဝန်ကြီးချုပ် ရှီဂဲရု အီရှီဘာနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများအား ပီရူးနိုင်ငံ၌ ကျင်းပစဉ် တွေ့ဆုံခဲ့ရာ၌ ၎င်းတို့ စက်တင်ဘာလက သဘောတူညီခဲ့သည့်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း ဖော်ပြထားသည်။

ဂျပန်အစိုးရအနေဖြင့် တရုတ်ဝန်ကြီးချုပ် လီချန်အား ၂၀၂၅ ခုနှစ်၊ မေလ (သို့မဟုတ်) ဇွန်လတွင် ဂျပန်နိုင်ငံသို့ ဖိတ်ကြားသွားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဂျပန်နိုင်ငံသို့ တရုတ်ဝန်ကြီးချုပ်သွားရောက်ချိန်တွင် ဂျပန်နိုင်ငံမှ ရေထွက်ကုန်များ တရုတ်နိုင်ငံသို့တင်သွင်းခွင့် ပိတ်ပင်ထားမှုအား ပြန်လည်ရုပ်သိမ်းသွားရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဂျပန်နိုင်ငံနှင့်ဆက်ဆံရေးမှာ ပိုမိုအရေးပါလာသည့်အတွက် တရုတ်အစိုးရ၏ ရပ်တည်ချက်ပြောင်းလဲလာရခြင်းဖြစ်ကြောင်း၊ အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရ သော ဒေါ်နယ်ထရန့်အနေဖြင့် ကိုယ်ကျိုးစီးပွားကိုကာကွယ်သည့် Protectionist Policy ကို ကျင့်သုံးသွားဖွယ်ရှိကြောင်း၊ ထို့ကြောင့်ဂျပန်နိုင်ငံကဲ့သို့သော ပို့ကုန်အများအပြားတင်ပို့နေသည့်နိုင်ငံများနှင့်ပူးပေါင်း၍ အမေရိကန်ကို တန်ပြန်နိုင်ရေးဆောင်ရွက်လိုသည့်အတွက် တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်စေရေး ဆောင်ရွက်လာရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

တရုတ်အစိုးရအနေဖြင့်လည်းအမေရိကန်-ဂျပန်မိတ်ဖက်ဆက်ဆံရေး(သို့မဟုတ်)အမေရိကန်-ဂျပန်-တောင်ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုကို အားနည်းလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် တရုတ်-ဂျပန်ဆက်ဆံရေးမှာ ပိုမိုဆိုးရွားလာနိုင်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ဂျပန်ကိုအောင်နိုင်ခြင်းအထိမ်းအမှတ် နှစ် ၈၀ ပြည့်အခမ်းအနား ကျင်းပသွားမည်ဖြစ်ရာ အဆိုပါအခမ်းအနားမှာ ဂျပန်ကို အပြင်းအထန်ဆန့်ကျင်သည့် အခမ်းအနားဖြစ်ပါက ဂျပန်နိုင်ငံတွင်လည်း တရုတ်ဆန့်ကျင်သည့် သဘောထားများဖြစ်ပေါ်လာနိုင်ကြောင်း ဖော်ပြထားသည်။

Source: The Nikkei Asia , ( စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့)

Source: https://myantrade.gov.mm/article/npt-060120250221

## အင်ဒိုနီးရှားသည် ၂၀၂၅ ခုနှစ်တွင် ဆန်၊ သကြား၊ ပြောင်း၊ ဆားတို့အား တင်သွင်းခွင့်ပြုမည်မဟုတ်

အင်ဒိုနီးရှားစားနပ်ရိက္ခာဝန်ကြီး Zulkifli Hasan က ပြည်တွင်းစားသောက်ကုန်ဖူလုံမှုကြောင့် အစိုးရအနေဖြင့် လာမည့်နှစ်တွင် ဆန်၊ သကြား၊ ပြောင်းနှင့် ဆား ကုန်စည် ၄ မျိုးအား တင်သွင်းခွင့်မပြုတော့ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဝန်ကြီး ဟာဆန်က စားနပ်ရိက္ခာသိုလှောင်မှုသည် လိုအပ်သည်ထက်ပိုမိုများပြားနေခြင်းကြောင့် ဈေးနှုန်းလည်း ထိန်းချုပ်နိုင်ကြောင်း၊ အင်ဒိုနီးရှားထောက်ပံ့ပို့ဆောင်ရေးအေဂျင်စီဖြစ်သည့် Bulog အပါအဝင် လက်လီအရောင်းဆိုင်များ၏

ဆန်သိုလှောင်မှုသည် ခရစ်စမတ်၊ နှစ်သစ်ကူးတို့အပါအဝင် ရုံးပိတ်ကာလများအတွက် လုံလောက်မှုရှိပြီး စိတ်ချရကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးက သကြားတန်ချိန် ၁ ဒသမ ၄ သန်း သိုလှောင်ထားပြီး လာမည့်နှစ် ထုတ်လုပ်မှု သည် တန်ချိန် ၂ ဒသမ ၆ သန်းရှိမည်ဟု ခန့်မှန်းထားကြောင်း၊ မျိုးစေ့အသစ်များ၊ စိုက်ပျိုးရေးစီမံခန့်ခွဲမှုများနှင့် လုပ်ငန်းငယ်များကြောင့်လည်း သကြားထုတ်လုပ်မှု တိုးတက်လာနိုင်ကြောင်း၊ လာမည့်နှစ်၏ ဆားထုတ်လုပ်မှုကို တန်ချိန် ၂ ဒသမ ၂၅ သန်းမျှော်မှန်းထားပြီး ပြည်တွင်းစားသုံးမှုသည် တန်ချိန် ၁ ဒသမ ၇၆ သန်းသာရှိကြောင်း၊ တိရစ္ဆာန်အစာပြောင်းထုတ်လုပ်မှုသည် ပြည်တွင်း လိုအပ်ချက် တန်ချိန် ၁၃ သန်းလိုအပ်သော်လည်း လာမည့်နှစ်တွင် ထုတ်လုပ်မှုတန်ချိန် ၁၆ ဒသမ ၆၈ သန်းရှိမည်ဟု ခန့်မှန်းကြောင်း၊ ဆန်ထုတ်လုပ်မှုသည် တန်ချိန် ၃၂ သန်း ရှိမည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်မှာ တန်ချိန် ၃၁ သန်း သာရှိကြောင်း ပြောကြားခဲ့သည်။ ရင်းမြစ်။ အန်တာရာသတင်းအေဂျင်စီ

Source: https://commerce.gov.mm/my/article/update-news-international-trade/32035

## ထိုင်းနိုင်ငံ၏ သကာရည်ပို့ကုန်အပေါ် ပေကျင်း၏ ပိတ်ဆို့မှုသည် သကြားထုတ်လုပ်သူများအတွက် သက်ရောက်မှုမရှိနိုင်ကြောင်း ထိုင်းစက်မှုဝန်ကြီးဌာနက ယုံကြည်လျက်ရှိ

အစားအစာလုံခြုံစိတ်ချရမှု အကြောင်းပြချက်ဖြင့် ထိုင်းနိုင်ငံ၏ သကာရည်ပို့ကုန်များအပေါ် ပေကျင်း၏ လတ်တလော ပိတ်ဆို့မှုသည် ထိုင်းသကြားထုတ်လုပ်သူများအတွက် ထိခိုက်မှုရှိမည်မဟုတ်ဟု စက်မှုဝန်ကြီးဌာနက ယုံကြည်လျက်ရှိကြောင်း ကြံနှင့် သကြားဘုတ်အဖွဲ့ရုံးက ပြောကြားချက်အရ သိရသည်။

ထိုင်းစက်ရုံများ၏ ကျန်းမာရေးနှင့်ညီညွတ်မှုစံနှုန်းများသည် ပိတ်ဆို့ရသည့် အဓိကအကြောင်းပြချက်ဖြစ်သော်လည်း ထိုင်းနိုင်ငံမှတိုးမြှင့်တင်ပို့လျက်ရှိသည့် သကာရည်ပို့ကုန်များအပေါ် ကုန်သွယ်ရေးပိတ်ဆို့မှုများဖြစ်စေကြောင်း၊ ထိုင်းသကြား ထုတ်လုပ်သူများသည် ကမ္ဘာ့အနှံ့အပြားရှိနိုင်ငံများစွာသို့ တင်ပို့လျက်ရှိရာ ဝယ်ယူသူများဖြန့်ကျက်ထားသဖြင့် ပိတ်ဆို့ခြင်း ကြောင့် ထိုင်းသကြားထုတ်လုပ်သူများအပေါ် ပြင်းထန်သောထိခိုက်မှုမဖြစ်လာနိုင်ကြောင်း၊ ပိတ်ဆို့မှုနှင့်စပ်လျဉ်း၍ စက်မှု ဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့ ပူးပေါင်းဆွေးနွေးလျက်ရှိကြောင်း၊ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ်အရ တရုတ်နိုင်ငံသို့တင်ပို့သည့် သကာရည်အပေါ်တွင် အခွန်ကင်းလွတ်ခွင့်ရရှိကြောင်း၊ ပေကျင်းသည် သကာရည်တင်သွင်းမှုမြင့်တက်လာပြီး ၎င်း၏သကြားစက်မှုကဏ္ဍ ထိခိုက်မည် ကိုစိုးရိမ်သောကြောင့်ဖြစ်နိုင်ကြောင်း ဘုတ်အဖွဲ့ရုံး အထွေထွေအတွင်းရေးမှူးချုပ် Mr. Bainoi Suwanchatree က သုံးသပ် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသို့ သကာရည်တင်သွင်းမှုသည် နှစ်စဉ်မြင့်တက်လာလျက်ရှိသောကြောင့် တရုတ်သကြား ထုတ်လုပ်သူများ နှင့် ကြံစိုက်တောင်သူများကို အကာအကွယ်ပေးရန်အတွက် တင်သွင်းလာသော သကာရည်အပေါ် Safeguard အစီအမံ စီမံမည်ဟုမျှော်လင့်ထားကြောင်း၊ တရုတ်သည် ထိုင်းနိုင်ငံကို ပို့ကုန်အခြေစိုက်အဖြစ် အသုံးပြု၍ အခွန်တိမ်းရှောင်နေသော တရုတ် ကုမ္ပဏီများကိုလည်း ဖော်ထုတ်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံသို့ သကာရည်ထုတ်ကုန်မတင်ပို့မီ ထိုင်းသကြား ထုတ်လုပ်သူများထံမှ သကြားကိုဝယ်ယူကြောင်း ကုမ္ပဏီများက အစီရင်ခံထားကြောင်း၊ တရုတ်သည် ထိုင်းနှင့် ဘရာဇီးမှ သကာရည်တင်သွင်း လျက်ရှိသော ထိပ်တန်းဈေးကွက် တစ်ခုဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် စက်ရုံ ၅၈ ရုံဖြင့် လည်ပတ်၍ ကမ္ဘာ့တတိယအကြီးဆုံး သကြားထုတ်လုပ်သူ ဖြစ်ပြီး ဘရာဇီးက ပထမနှင့် ဩစတြေးလျက ဒုတိယဖြစ်ကြောင်း Mr. Bainoi က ဖြည့်စွက် ပြောကြား ခဲ့သည်။

ထိုင်းနိုင်ငံသည် လွန်ခဲ့သော ၇ နှစ်၊ ၈ နှစ်ခန့်မှစ၍ တရုတ်နိုင်ငံသို့ သကာရည်တင်ပို့ခဲ့ပြီး ကနဦး ၁ နှစ် လျှင်တန်ချိန် ၁၀၀,၀၀၀ တင်ပို့ခဲ့ကြောင်း၊ ပမာဏသည် မြင့်တက်လာလျက်ရှိရာ ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၆၀၀,၀၀၀- ၇၀၀,၀၀၀ သို့ ရောက်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၂ သန်းထိ ရောက်ရှိခဲ့ကြောင်း၊ ပေကျင်းသည် ထိုင်းနိုင်ငံမှ သကာရည် တင်သွင်းမှုကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့မှစ၍ ပိတ်ဆို့ခဲ့သဖြင့် ဘတ် ၄၀၀ သန်း တန်ဖိုးရှိသည့် သကာရည်များ တင်ဆောင်ထားသည့် ထိုင်းကုန်တင်သင်္ဘောများသည် တရုတ်ကမ်းရိုးတန်းတွင် သောင်တင်နေခဲ့ကြောင်း ဘုတ်အဖွဲ့၏ ပြောကြားချက်အရ သိရသည်။

Source: www.bangkokpost.com ၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: https://myantrade.gov.mm/article/npt-130120251041

## ဘင်္ဂလားဒေ့ရှ်အမျိုးသားအခွန်ဘဏ္ဍာဘုတ်အဖွဲ့က နေကြာဆီနှင့်ပန်းနှမ်းဆီ(Canola oil)အတွက် သွင်းကုန်အခွန်များဖယ်ရှား

အမျိုးသားအခွန်ဘဏ္ဍာဘုတ်အဖွဲ့သည် ပြည်တွင်းဈေးကွက်တွင် စားသုံးဆီဈေးနှုန်းမြင့်တက်နေမှုကို ထိမ်းချုပ်ရန်နှင့် ရောင်းချမှုအရှိန်မြှင့်တင်ရန် နေကြာဆီနှင့် ပန်းနှမ်းဆီ (Canola oil)များအတွက် သွင်းကုန် အခွန်အားလုံးကို ဖယ်ရှားမည်ဟု သိရသည်။ ထိုဆုံးဖြတ်ချက်သည် ဘင်္ဂလားဒေ့ရှ်ကုန်သွယ်ရေးနှင့် အကောက်ခွန် ကော်မရှင်က အစိုးရအနေနှင့် ဟင်းချက်ဆီများ ဈေးကွက်အတွင်းသို့ ပိုမိုဝင်ရောက်နိုင်ရန် သွင်းကုန်အခွန်များ လျှော့ချရန်အဆိုပြုခဲ့ပြီးနောက် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

ထိုသွင်းကုန်အခွန်အကျိုးခံစားခွင့်သည် ၂၀၂၅ ခုနှစ် မတ်လအထိ အသက်ဝင်မည်ဟုသိရသည်။ ထိုသို့ အကောက်ခွန် ဖြတ်တောက်မှုသည် ထိုဆီများ အတွက် သွင်းကုန် ကုန်ကျစရိတ် တစ်လီတာလျှင် ဘင်္ဂလားဒေ့ရှ် နိုင်ငံသုံးငွေ Tk(တာကာ) ၄၀ မှ ၅၀ ကြား လျှော့ချနိုင်မည်ဟု သိရသည်။

ဘင်္ဂလားဒေ့ရှ်စားသုံးသူများသည် လွန်ခဲ့သည့် ၃ လတွင် ငွေကြေးဖောင်းပွမှုနှင့် ဟင်းချက်ဆီဈေး မြင့်တက်မှုပြဿနာနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။ ထိုသို့မြင့်တက်လာမှုသည် ကမ္ဘာ့အကြီးမားဆုံး စားအုန်းဆီထုတ်လုပ်သည့် မလေးရှားနှင့် အင်ဒိုနီးရှားတို့က ဘိုင်အိုဒီဇယ်ထုတ်လုပ်ရန်အတွက် စားအုန်းဆီကိုအသုံးပြုရန် အဓိကအာရုံစိုက်လာသောကြောင့် စားအုန်းဆီ ထုတ်လုပ်မှု ကျဆင်းလာမည်ကို စိုးရိမ်ပူပန်နေကြခြင်းနှင့် နိုင်ငံတကာဈေးနှုန်းများ မြင့်တက်လာသောကြောင့်ဖြစ်ကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်းတို့၏ စားသုံးဆီဝယ်လိုအား ခန့်မှန်းတစ်နှစ်လျှင် စားသုံးဆီတန်ချိန် ၂၃ သိန်းပြည့်မီရန် အတွက် တင်သွင်းမှုကို ကြီးမားစွာမှီခိုနေရကြောင်းသိရသည်။ **Daily Star,** DOCA(ရန်ကုန်)

Source: https://www.doca.gov.mm/my/node/29017

## ထိုင်းဒူးရင်းသီးများအတွက် ပိုမိုတင်းကျပ်သော စစ်ဆေးမှုများကို စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်သွားရန်ရှိ

ထိုင်းနိုင်ငံ ဒူးရင်းပို့ကုန်အပေါ် တရုတ်က ယာယီပိတ်ပင်လိုက်သောကြောင့် တရုတ်နိုင်ငံသို့ ဒူးရင်းသီးမတင်ပို့မီ ပိုမိုတင်းကျပ်သောစစ်ဆေးမှုအစီအမံများကို စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနကဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒူးရင်းသီးသယ်ဆောင်ထားသော ကုန်သေတ္တာအားလုံးသည် သဘော်ထွက်ခွာခွင့်မပြုမီ ကင်ဆာဖြစ်စေသော အရောင်ခြယ်ပစ္စည်းတစ်ခုဖြစ်သော "Basic Yellow 2" အပြင် Cadmium နှင့် ဒူးရင်းပိုးများအတွက် စစ်ဆေးခံရမည်ဖြစ်ကြောင်း၊ ပို့ကုန်ပိတ်ပင်ခံရပြီးနောက် ဝန်ကြီးသည် အရေးတကြီးအစည်းအဝေးတစ်ခုခေါ်ယူခဲ့ကြောင်း၊ ပို့ကုန်အကြို စစ်ဆေးသည့် အစီအမံသစ်သည် လာမည့် ၁၀ ရက်အတွင်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်သူများသည် လိုအပ်ချက်အသစ်ကို ဆောင်ရွက်ရန်ပျက်ကွက်ခဲ့ပါက ၎င်းတို့၏ ပို့ကုန်လိုင်စင်များ ဆုံးရှုံးမည်ဖြစ်ကြောင်း၊ ဝန်ကြီးသည် ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ၇ ရက်နေ့အတွင်း ဝန်ကြီးချုပ် H.E Ms. Paetongtarn Shinawatra နှင့်အတူ တရုတ်နိုင်ငံသို့ ခရီးစဉ်တစ်ခုတွင် လိုက်ပါသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့်သမဝါယမ ဝန်ကြီး H.E Ms. Narumon Pinuosinwat က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ ပို့ကုန်အကြိုပြင်းထန်သော စစ်ဆေးမှုနှင့်စပ်လျဉ်း၍ ခရီးစဉ်အတွင်း တရုတ်အကောက်ခွန် အာဏာပိုင်များနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ယင်းသည် ထိုင်းနိုင်ငံ၏ ထုတ်ကုန်အရည်အသွေးနှင့် စိတ်ချရမှုစံနှုန်းများအပေါ် တရုတ်၏ယုံကြည်ချက်ကို မြှင့်တင်ပေးရန်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ ထိုင်းသစ်သီးတင်ပို့ခဲ့မှုသည် နှစ်အလိုက် မြင့်တက်လာလျက်ရှိပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း တန်ချိန် ၁ ဒသမ ၈၁၇ သန်း၊ တန်ဖိုးအားဖြင့် ဘတ် ၁၇၇ ဒသမ ၁၃ ဘီလီယံ တင်ပို့ခဲ့ကြောင်း၊ စက်တင်ဘာလ ၁၈ ရက် နေ့က တရုတ်မှ ထိုင်းနိုင်ငံအတွင်းသို့ သယ်ဆောင်လာရာတွင် Basic Yellow 2 တရားမဝင်အသုံးပြုထားသည်ကိုတွေ့ရှိခဲ့ရပြီး ထိုင်းအစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနတွင် မှတ်ပုံမတင်ထားကြောင်း၊ အဆိုပါပစ္စည်းကို ချမ်ဖွန်ပြည်နယ်ရှိ တရုတ်ရင်းနှီးမြှုပ်နှံမှုအုပ်စုမှ ဘဏ္ဍာငွေချထားပေးသည့် ပို့ကုန်အတွက် ဒူးရင်းသီး ထုပ်ပိုးသောစက်ရုံများတွင် အသုံးပြုလျက်ရှိကြောင်း၊ ထို့ကြောင့် မှတ်ပုံမတင်ထားသောပစ္စည်းများ အသုံးပြုခြင်းကို ရပ်ဆိုင်းရန်ညွှန်ကြားခဲ့ကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

သို့သော် ၁ လအကြာ အဆိုပါ ထုပ်ပိုးသည့် စက်ရုံများသို့ သွားရောက်ခဲ့ရာတွင် တူညီသောပစ္စည်းများကို ဆက်လက်အသုံးပြုလျက်ရှိသည်ကို တွေ့ရှိခဲ့ရသဖြင့် သတိပေးစာထုတ်ပြန်ခဲ့ကြောင်း၊ ဒူးရင်းသီး ပို့ကုန်များတွင် Basic Yellow 2 ကင်းစင်ကြောင်း သေချာစေသည့် စာရွက်စာတမ်းများ မတင်ပြနိုင်သဖြင့် တရုတ်နန်နင်း လေဆိပ်က ပို့ကုန်များကိုငြင်းပယ်ခဲ့သည်ဟု ဝန်ကြီး ဌာနထံ အကြောင်းကြားခဲ့ကြောင်း သိရသည်။ Source:www.bangkokpost.com,စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source:https://myantrade.gov.mm/article/npt-220120251060

## ရုရှား-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂၄၅ ဘီလီယံ နီးပါးရှိပြီး အားကောင်းသည့်လမ်းကြောင်းပေါ်တွင် ဆက်လက်ရှိနေ၊ ငွေပေးချေမှု ၉၅ ရာခိုင်နှုန်းကျော်သည် ရူဘယ်နှင့် ယွမ်များဖြင့် ဆောင်ရွက်

ရုရှားနှင့်တရုတ် နှစ်နိုင်ငံကုန်သွယ်မှုသည် အားကောင်းသည့်လမ်းကြောင်းပေါ်တွင် ဆက်လက်ရှိနေကြောင်းနှင့် ပြင်ပသြဇာလွှမ်းမိုးမှုရှိနေသော်လည်း ရုရှားနှင့်တရုတ်အကြား ကုန်သွယ်မှုတန်ဖိုးသည် တိုးလာနေကြောင်း ရုရှားနိုင်ငံ သမ္မတပူတင်နှင့် တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖျင်တို့ ဗီဒီယိုဖြင့် တွေ့ဆုံဆွေးနွေးစဉ် အပြန်အလှန်ပြောကြားခဲ့ကြသည်။

ရုရှား၏ စာရင်းဇယားများအရ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအထိ ၁၁ လတာကာလအတွင်း ရုရှားနှင့် တရုတ်ကြား ကုန်သွယ်မှုတိုးတက်မှုပမာဏသည် အမေရိကန် ဒေါ်လာ ၂၂၀ ဘီလီယံ ကျော်ရှိပြီး ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၇ ရာခိုင်နှုန်းကျော် တိုးတက်မှုရှိကြောင်း၊ တရုတ်၏ စာရင်းဇယားများအရ ၂၀၂၄ ခုနှစ်၊ တစ်နှစ်တာကာလအတွင်း အပြန်အလှန်ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၄၅ ဘီလီယံ နီးပါးရှိကြောင်း ရုရှားသမ္မတပူတင်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ငါးနှစ်တွင် တရုတ်နိုင်ငံနှင့်အတူ ဆိုက်ဘေးရီးယား ဓာတ်ငွေ့ပိုက်လိုင်း၏ Power of Siberia စီမံကိန်းလုပ်ငန်းကို စတင်အကောင်အထည်ဖော်ခဲ့ပြီး လက်ရှိတွင် ရုရှားနိုင်ငံသည် တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ထောက်ပံ့မှုတွင် ပထမနေရာကိုရယူထားကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ဆက်လက်ပြောကြားခဲ့သည်။

ယင်းနောက်နှစ်နိုင်ငံလက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုသည်ဆက်တိုက်တိုးလာနေပြီး အပြန်အလှန်ကုန်သွယ်မှုသည် ဆက်လက်အားကောင်းနေဆဲဖြစ်ကြောင်း၊ တရုတ်-ရုရှား ဓာတ်ငွေ့ပိုက်လိုင်း Power of Siberia သည် သတ်မှတ်အချိန်ဇယားထက် စွမ်းဆောင်ရည်အပြည့်ဖြင့် ရောက်ရှိနေကြောင်း တရုတ်သမ္မတရှီကျင့်ဖိန်က ပြောကြားခဲ့သည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် တရုတ်နိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိကနိုင်ငံခြား ကုန်သွယ်မှုမိတ်ဖက်နိုင်ငံဖြစ်ပြီး ရုရှားသည် တရုတ်၏ ပဥ္စမမြောက် အကြီးဆုံးကုန်သွယ်မှု မိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ ရုရှားနှင့် တရုတ် နိုင်ငံတို့ကြား အပြန်အလှန်ငွေပေးချေမှု၏ ၉၅ ရာခိုင်နှုန်းကျော်ကို နိုင်ငံသုံးငွေကြေးများဖြစ်သည့် ရူဘယ်နှင့် ယွမ်တို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများအတွင်း တည်ငြိမ်သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအပေါ် ကျေနပ်အားရမိကြောင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို အလေးထားဆွေးနွေးခဲ့ကြကြောင်း ဆွေးနွေးပွဲပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် ရုရှားသမ္မတ၏ လက်ထောက် Mr. Yuri Ushakov က ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲများသည် သယ်ယူပို့ဆောင်ရေးဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်စေရန်၊ နယ်စပ်အခြေခံအဆောက်အအုံများ ခေတ်မီစေရန်၊ စစ်ဆေးရေးဂိတ်များနှင့် နှစ်နိုင်ငံအကြား ကုန်စည်သယ်ယူပို့ဆောင်ရေးတိုးမြှင့်ရန်အတွက် မြောက်ပိုင်းပင်လယ်လမ်းကြောင်း၏ အလားအလာကို ဖွင့်လှစ်၍ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း Mr. Yuri Ushakov က ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)၏ သတင်းထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ်တွင် တရုတ်-ရုရှား ကုန်သွယ်မှု ပမာဏသည် အမေရိကန်ဒေါ်လာ ၂၄၄ ဒသမ ၈၁ ဘီလီယံဖြင့် စံချိန်သစ်တင်ခဲ့ပြီး ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၉ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊ ရုရှားမှ တရုတ်သို့ ကုန်ပစ္စည်းများတင်သွင်းမှုမှာ ကန်ဒေါ်လာ ၁၂၉ ဒသမ ၃၂ ဘီလီယံဖြစ်တည်ငြိမ်နေပြီး တရုတ်မှ ရုရှားသို့ တင်ပို့မှုမှာ ကန်ဒေါ်လာ ၁၁၅ ဒသမ ၄၉ ဘီလီယံဖြင့် ၄ ဒသမ ၁ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

ရုရှားမှ တရုတ်သို့ အဓိကတင်သွင်းသော ကုန်ပစ္စည်းများမှာ စွမ်းအင်အရင်းအမြစ်များဖြစ်သော ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ ကြေးနီနှင့် ကြေးနီသတ္တုရိုင်း၊ သစ်၊ လောင်စာဆီနှင့် ရေထွက်ကုန်များ ပါဝင်ပြီး တရုတ်မှ ရုရှားသို့ အဓိကတင်ပို့သော ကုန်ပစ္စည်းများမှာ မော်တော်ကား၊ စမတ်ဖုန်း၊ စက်မှုနှင့် အထူးပြု စက်ပစ္စည်းကိရိယာများ၊ အရုပ်၊ ဖိနပ်၊ သယ်ယူပို့ဆောင်ရေးယာဉ်၊ လေအေးပေးစက်၊ ကွန်ပျူတာများနှင့် ရေထွက်ကုန်များ ဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် ရုရှားနှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန် ဒေါ်လာ ၁၉၀ ဘီလီယံအထိရှိခဲ့ပြီး ၂၉ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ ၂၀၂၃ ခုနှစ်တွင် ကန်ဒေါ်လာ ၂၄၀ ဒသမ ၁၁ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ၂၆ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ကန် ဒေါ်လာ ၂၄၄ ဒသမ ၈၁ ဘီလီယံဖြင့် စံချိန်သစ်တင်ခဲ့ပြီး ၁ ဒသမ ၉ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း သိရသည်။ (စီးပွားရေးသံမှူး၊ မော်စကိုမြို့)

Source:https://myantrade.gov.mm/article/npt-220120251101

## ဂျပန်နိုင်ငံ၏ စီးပွားရေးမှာ ၂၀၂၅ ခုနှစ်တွင် တိုးတက်လာနိုင်သော်လည်း အမေရိကန်မှ အကောက်ခွန်တိုးမြှင့်သတ်မှတ်ပါက ဂျပန်နိုင်ငံ၏ စီးပွားရေးအပေါ် ထိခိုက်မှုများဖြစ်ပေါ်လာနိုင်

ငွေကြေးဖောင်းပွမှုကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများကို လျော့နည်းစေရေးအတွက် ဂျပန်အစိုးရ၏ ပံ့ပိုးပေးမှုဆိုင်ရာမူဝါဒများနှင့် လစာနှုန်းထားတိုးမြှင့်လာနိုင်မှုများကြောင့် ၂၀၂၅ ခုနှစ်တွင် ဂျပန်နိုင်ငံ ၏ စီးပွားရေး အခြေအနေမှာ

ဆက်လက်ကောင်းမွန်လာနိုင်မည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့ ထုတ် The Japan Today သတင်းစာတွင် "Japan's economy likely to grow in 2025 but Trump tariffs cast shadow" ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါ သတင်းတွင် ဂျပန်ဝန်ကြီးချုပ် ရှီဂဲရုအီရှီဘာအစိုးရအနေဖြင့် စီးပွားရေးအပေါ်သက်ရောက်မှုများလျော့နည်းစေရေးအတွက် ၃၉ ထရီလီယံယန်းတန်ဖိုးရှိ Stimulus Package ကို ဖော်ဆောင်ခဲ့ကြောင်း၊ အဆိုပါ စီမံချက်အရ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း ကျသင့်မည့် လျှပ်စစ်မီတာခများနှင့် ဓာတ်ငွေ့နှုန်းထားများအပေါ် အစိုးရမှထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အတူဝင်ငွေနည်းအိမ်ထောင်စုများသို့လည်း ငွေကြေးထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းဖော်ပြထားသည်။

ဂျပန်ကုမ္ပဏီများအနေဖြင့် ၂၀၂၄ ခုနှစ်တွင် လစာနှုန်းထားကို ၅ ဒသမ ၁၀ ရာခိုင်နှုန်း တိုးမြှင့်ပေးရန် သဘောတူညီခဲ့ကြကြောင်းနှင့် ထိုသို့ ၅ ရာခိုင်နှုန်းအထက် လစာတိုးမြှင့်ပေးမှုမှာ ၃၃ နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်တွင်လည်း လစာဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် လက်ရှိလစာတိုးမြှင့်မှုနှုန်းကို ထိန်းထား နိုင်ရေးအတွက် ၅ ရာခိုင်နှုန်းနှင့်အထက် တိုးမြှင့်ပေးရန် ဂျပန်အလုပ်သမားအဖွဲ့ချုပ်မှ တောင်းဆိုသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံရှိ လုပ်သားအင်အား၏ ၇၀ ရာခိုင်နှုန်းနီးပါးကို ကိုယ်စားပြုလျက်ရှိသည့် အသေးစားနှင့် အလတ်စား လုပ်ငန်းများအနေဖြင့် ၆ ရာခိုင်နှုန်းနှင့်အထက် လစာတိုးမြှင့်ပေးရန် ဂျပန်အလုပ်သမားအဖွဲ့ချုပ်မှ တောင်းဆိုသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၂၅ ခုနှစ်တွင် လစာနှုန်းထားများ တိုးမြှင့်လာနိုင်မည်ဖြစ်ကြောင်း၊ လစာနှုန်းထားများ တိုးမြှင့်လာခြင်းနှင့် စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုများ များပြားလာနိုင်မှုကြောင့် ဂျပန်နိုင်ငံ၏စီးပွားရေးမှာ ၂၀၂၅ ခုနှစ်တွင် ၁ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်နိုင်ကြောင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့အစည်း (OECD)မှ ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်တွင် ဂျပန်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအနေဖြင့် ကာဗွန်ကင်းစင်ရေးဆိုင်ရာကဏ္ဍများ၊ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာကဏ္ဍများနှင့် ထုတ်လုပ်မှုမြှင့်တင်နိုင်ရေးဆိုင်ရာလုပ်ငန်းများကို အလေးထားဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ သို့သော် တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံများ၏ စီးပွားရေးအခြေအနေ မတည်ငြိမ်မှုများကြောင့် ပို့ကုန်တင်ပို့နိုင်မှုအခြေအနေမှာ မှန်းဆရန် ခက်ခဲလျက်ရှိကြောင်း ဖော်ပြထားသည်။

ဒေါ်နယ်ထရန့်အစိုးရအနေဖြင့် နိုင်ငံအတွင်း အခွန်နှုန်းထားများ လျှော့ချသတ်မှတ်သွားမည်ဖြစ်ကြောင်း အဆိုပြုထားခြင်းကြောင့် အမေရိကန်၏စီးပွားရေးအားကောင်းလာနိုင်ပြီး၊ အမေရိကန်နိုင်ငံတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဂျပန်ကုမ္ပဏီများ၏ စီးပွားရေးလည်းကောင်းမွန်လာနိုင်ကြောင်း၊ သို့သော် ဒေါ်နယ်ထရန့်အစိုးရအနေဖြင့် အမေရိကန်နိုင်ငံသို့ တင်သွင်းလာမည့်ကုန်စည်များအပေါ် အကောက်ခွန်တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း ပြောကြားထားချက်အရ အကယ်၍ အမေရိကန်မှ ထပ်ဆောင်းအခွန် ၁၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံသွားမည်ဆိုပါက ဂျပန်နိုင်ငံ၏ စီးပွားရေးမှာ ၅ ဒသမ ၁၉ ရာခိုင်နှုန်း ကျဆင်းသွားနိုင်ကြောင်း ဖော်ပြထားသည်။

ထို့အတူ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အစိုးရ၏ ကုန်သွယ်ရေးမူဝါဒများကြောင့် အမေရိကန်နှင့် တရုတ်တို့အကြားတင်းမာမှုများဖြစ်ပွားလာနိုင်ပြီး၊ တရုတ်အစိုးရမှ အမေရိကန်အပေါ် တန်ပြန်ဆောင်ရွက်မှုများ ပြုလုပ်လာမည်ဆိုပါက ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံး နိုင်ငံနှစ်နိုင်ငံအကြား ဆက်ဆံရေးများဆိုးရွားလာကာ ကမ္ဘာ့စီးပွားရေး တိုးတက်မှုအပေါ်လည်း ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပေါ် လာမည်ဆိုပါက ဂျပန်နိုင်ငံ၏ စီးပွားရေးမှာ ၄ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ Source: The Japan Today ,( စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့)

Source: [https://myantrade.gov.mm/article/npt-060120250230](https://myantrade.gov.mm/article/npt-060120250230)

## ဖိလစ်ပိုင်နိုင်ငံစိုက်ပျိုးရေးဝန်ကြီးဌာနမှ စားနပ်ရိက္ခာဖူလုံရေး အရေးပေါ် ကြေညာချက်အား ထုတ်ပြန်သွားမည်ဖြစ်

ဖိလစ်ပိုင်နိုင်ငံတွင်း ဆန်ဈေးနှုန်းများဆက်လက်မြင့်တက်နေခြင်းနှင့် စားနပ်ရိက္ခာဖူလုံမှုရှိနေစေရန်တို့အတွက် ကြုံတွေ့နေရသည့်အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်စေရေးအလို့ငှာ အရေးပေါ်စားနပ်ရိက္ခာဖူလုံရေးကြေညာချက်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ဖိလစ်ပိုင်အမျိုးသားကုန်ဈေးနှုန်းများ ညှိနှိုင်းရေးကောင်စီ (National Price Coordinating Council–NPCC) မှ စားနပ်ရိက္ခာဖူလုံရေးအရေးပေါ်ကြေညာချက် ထုတ်ပြန်ခြင်း အပေါ်ထောက်ခံပေးခဲ့ပြီး ပြည်တွင်းဈေးကွက်တွင် သက်သာသည့်ဈေးနှုန်းဖြင့် ရောင်းချပေးသွားရန်ဖြစ်သည်။ NPCC ၏ ထောက်ခံချက်အပေါ် အစည်းအဝေး ဆုံးဖြတ်ချက်သည် စိုက်ပျိုးရေးဝန်ကြီးဌာနသို့ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ကရောက်ရှိခဲ့ပြီး အဆိုပါဆုံးဖြတ်ချက်ကို စိုက်ပျိုးရေးဝန်ကြီးဌာနမှ ချက်ချင်းပြန်လည် သုံးသပ်သွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မတိုင်မီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖော်ပြထားသည်။

စိုက်ပျိုးရေးဝန်ကြီးဆုံးဖြတ်ရန်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပြီး စိုက်ပျိုးရေးဝန်ကြီးသည် သမ္မတမားကို့စ် ဂျူနီယာနှင့် ဆက်လက်ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် လက်ရှိတွင် စိုက်ပျိုးရေးဝန်ကြီးဌာနမှလည်း တင်သွင်းလာသည့် ဆန်များ၏ဈေးနှုန်းကို ဈေးကွက်တွင်း သတ်မှတ်ထားသည့်အတိုင်း တစ်ကီလိုလျှင် ၅၈ ပီဆို ထက်မမြင့်သောဈေးနှုန်းဖြင့် ရောင်းချခြင်းရှိ/မရှိကိုလည်း အထူးကြပ်မတ်စစ်ဆေးလျက်ရှိသည်။

စစ်ဆေးမှုအစီရင်ခံစာများအရ အချို့သော ဈေးများတွင် သတ်မှတ်ဈေးအတိုင်း ရောင်းချလျက်ရှိသော်လည်း Guadalupe Commecial Complex နှင့် Pasay Public Market တို့တွင် သတ်မှတ်ဈေးအတိုင်း ရောင်းချခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ နောက်ထပ် ရက်သတ္တပတ် ၂ ပတ်ပြီးလျှင် စိုက်ပျိုးရေးဝန်ကြီးသည် Maximum Suggested Retail Price-MSRP ကို ထပ်မံသုံးသပ်၍ တစ်ကီလိုလျှင် ၅၅ ကီလိုထိလျှော့ချပြီး ရောင်းချသွားရန်မျှော်မှန်းထားကြောင်းဖော်ပြပါရှိသည်။ အများဆုံး ကျဆင်းစေမည့်နှုန်းထားအနေဖြင့် တစ်ကီလို လျှင် ၅၁ မှ ၅၇ ပီဆိုကြားရောက်ရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် ပြည်ပမှတင်သွင်းသည့် ပရီမီယမ်ဆန်အမျိုးအစားမှာ တစ်ကီလိုလျှင် ၅၅ ပီဆို၊ well-milled သည် တစ်ကီလိုလျှင် ၄၈ ပီဆို နှင့် regular-milled သည် တစ်ကီလိုလျှင် ၄၀ ပီဆို ဖြစ်သည်။

ဆူပါမားကက်များနှင့်လည်း ညှိနှိုင်းဆွေးနွေးနေဆဲဖြစ်ပြီး ဆန်ဈေးနှုန်းလျှော့ကျစေရန် စိုက်ပျိုးရေး ဝန်ကြီးဌာနသည် အစိုးရ၊ ပုဂ္ဂလိက ဈေးများတွင် ငှားရမ်းခများလျှော့ချပေးရေးကိုလည်း စဉ်းစားလျက်ရှိကြောင်း သိရှိရသည်။

ကမ္ဘာ့ဆန်ဈေးနှုန်းများ ကျဆင်းနေခြင်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် အခွန်နှုန်းထားကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လမှစတင်၍ လျှော့ချပေးခဲ့သော်လည်း ဈေးကွက်တွင်း ပြည်ပမှတင်သွင်း လာသည့် ဆန်ဈေးနှုန်းများမှာ လျှော့ကျခြင်းမရှိဘဲ ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။ ထို့အတွက် ပြည်ပမှတင်သွင်းလာသည့် ဆန်များကို သတ်မှတ်နှုန်းထားဖြင့်ရောင်းချရန် Suggested Retail Price ကိုသတ်မှတ်ပေးခဲ့သည်။

ထို့ပြင် ယခုထပ်မံ၍ အစိုးရမှ စားနပ်ရိက္ခာဖူလုံရေး အရေးပေါ်ကြေညာချက်ကို ထုတ်ပြန်ကြေညာသွားရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။ Rice Tariffication Law (2019) အရ ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာ အာဏာပိုင်အဖွဲ့ (National Food Authority-NFA)မှ ၎င်းတို့လက်ဝယ်ရှိ ဆန်များကို ပြည်သူများထံသို့ အရေးပေါ်အခြေအနေတွင်သာ ထုတ်ရောင်းချခွင့်ရှိသည်။ ထို့ပြင် NFA ၏ ကုန်သိုလှောင်ရုံများတွင်လည်း လက်ကျန်ဆန်ပမာဏ များပြားလျက်ရှိခြင်းနှင့် လာမည့်ရိတ်သိမ်းချိန်တွင် တောင်သူများထံမှ စပါးဝယ်ယူရန်များရှိသဖြင့် ကုန်သိုလှောင်ရုံလွတ်များလည်း လိုအပ်နေသည်ဟု ပြောကြားထားသည်ကို တွေ့ရှိရသည်။ ထို့အတွက် ပြည်တွင်းဈေးကွက်တွင်း ဆန်ဈေးနှုန်းများ မြင့်တက်နေခြင်းကို လျှော့ချနိုင်စေရေး NFA ၎င်းတို့၏ ဆန်လက်ကျန်များအား သက်သာသောဈေးနှုန်းဖြင့်ရောင်းချသွားမည်ဖြစ်သဖြင့် စားနပ်ရိက္ခာဖူလုံရေး အရေးပေါ် ကြေညာချက်အား ထုတ်ပြန်ကြေညာနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ထို့ပြင် သမ္မတမားကို့စ်ဂျူနီယာမှလည်း စားနပ်ရိက္ခာဖူလုံရေးအရေးပေါ်ကြေညာချက်သည် ယခုကဲ့သို့ အခြေအနေမျိုးတွင် ထုတ်ပြန်သွားရန်မှာ အမှန်တကယ်လိုအပ်ကြောင်း ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက် နေ့က မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်းသိရသည်။ (စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_210120250300

## ဖေဖော်ဝါရီလ ၁ ရက်မှစ၍ ကနေဒါ၊ မက္ကဆီကိုနှင့် တရုတ် သွင်းကုန်များအပေါ် အကောက်ခွန်ကောက်ခံမည်ဟု သမ္မတဒေါ်နယ်ထရမ့်က ပြောကြား

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ကနေဒါ၊ မက္ကဆီကိုနှင့် တရုတ် သွင်းကုန်များအပေါ် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစ၍ အကောက်ခွန်ကောက်ခံသွားမည်ဟု ပြောကြားခဲ့ကြောင်း သတင်းများအရ သိရသည်။

ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့မှ ရွှေ့ပြောင်းနေထိုင်သူအများအပြားနှင့် Fentanyl မူးယစ်ဆေး အများအပြား ဝင်ရောက်လျက်ရှိသဖြင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစ၍ ကနေဒါနှင့် မက္ကဆီကို နိုင်ငံတို့မှ သွင်းကုန်များအပေါ် အကောက်ခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်း ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ညနေပိုင်းတွင်လည်းကောင်း၊ တရုတ်နိုင်ငံက Fentanyl မူးယစ်ဆေးများကို ကနေဒါနှင့် မက္ကဆီကိုနိုင်ငံများသို့ ပို့ဆောင်လျက်ရှိသဖြင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်၌ပင် တရုတ်နိုင်ငံမှသွင်းကုန်များကို အကောက်ခွန် ၁၀ ရာခိုင်နှုန်း ထပ်တိုးကောက်ခံသွားမည်ဟု ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်တွင်လည်းကောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။ ကနေဒါ၊ မက္ကဆီကိုနှင့် တရုတ်တို့သည် အမေရိကန်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဘက်နိုင်ငံများဖြစ်ပြီး ယင်းသို့ သွင်းကုန်များအပေါ် အကောက်ခွန်တိုးမြှင့်ကောက်ခံပါက အဆိုပါနိုင်ငံများနှင့် အမေရိကန်နိုင်ငံ၏ သံတမန်ဆက်ဆံရေးကို ထိခိုက် စေနိုင်သကဲ့သို့ ကမ္ဘာ့ကုန်ထုတ်လုပ်မှု ထောက်ပံ့ရေးကွင်းဆက်ကိုပါ ကမောက်ကမဖြစ်စေနိုင်သည်။ ၂၀၂၃ ခုနှစ် တွင် အဆိုပါနိုင်ငံ ၃ နိုင်ငံသည် အမေရိကန်နိုင်ငံမှ

ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ထရီလီယံကျော်ကို ဝယ်ယူခဲ့ကြပြီး အမေရိကန်နိုင်ငံသို့ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံကျော် ရောင်းချခဲ့ကြသည်။

ကနေဒါနှင့် မက္ကဆီကိုအစိုးရများအနေဖြင့် သွင်းကုန်ခွန်များကို ရှောင်ရှားနိုင်ရန် ၎င်းနိုင်ငံများမှ အမေရိကန်နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည့် ရွှေ့ပြောင်းနေထိုင်သူများနှင့် မူးယစ်ဆေးဝါးများကို ရပ်တန့်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိ ပုဂ္ဂိုလ်က တရုတ်နိုင်ငံအနေဖြင့် နိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး ကုန်သွယ်ရေး စစ်ပွဲနှင့် သွင်းကုန်ခွန် သတ်မှတ်ကောက်ခံပါက နှစ်ဦးနှစ်ဖက်အကျိုးမရှိနိုင်ဟု တုံ့ပြန်ပြောကြားခဲ့သည်။ စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ။

Source: https://myantrade.gov.mm/article/npt-220120251111

## အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီး Piyush Goyal က ၅ နှစ်အတွင်း နနွင်းတန်ချိန် သိန်း ၂၀ အထိ နှစ်ဆတိုးတက်ထုတ်လုပ်နိုင်ရန် ပြောကြား

အိန္ဒိယ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီး Piyush Goyal က အမျိုးသားနနွင်းဘုတ် အဖွဲ့သည် လာမည့်ငါးနှစ်အတွင်း ပို့ကုန်မြှင့်တင်ရန်နှင့် တန်ချိန် သိန်း ၂၀ ခန့်အထိ ထုတ်လုပ်မှုကို မြှင့်တင်ရန်အတွက် နိုင်ငံတကာတွင် ဈေးကွက်သစ်များဖွံ့ဖြိုးတိုးတက်စေရန်ကူညီပေးမည်ဖြစ်ကြောင်း၊ ထုတ်ကုန်အသစ်များအတွက် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ကာ တန်ဖိုးမြှင့်နနွင်းထွက်ကုန်များအတွက် နိုင်ငံ၏မိရိုးဖလာအသိ ပညာများ ဖွံ့ဖြိုးတိုးတက်စေမည်မည်ဟု အမျိုးသားနနွင်းဘုတ်အဖွဲ့၏ ဖွင့်ပွဲအခမ်းအနားတွင်ပြောကြားခဲ့ကြောင်း သိရသည်။

အိန္ဒိယသည် ကမ္ဘာ့နနွင်းထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကိုပိုင်ဆိုင်ကြောင်း၊ လာမည့် ငါးနှစ်အတွင်း ထုတ်လုပ်မှုကို တန်ချိန် ၂၀ သိန်းအထိ နှစ်ဆတိုးဖို့ ကြိုးစားနေကြောင်း ဝန်ကြီးက သတင်းထောက်များကို ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရသည် အောက်တိုဘာလတွင် အမျိုးသားနနွင်းဘုတ်အဖွဲ့၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ထုတ်ပြန်ကြေညာခဲ့ကြောင်းနှင့် ယင်းသည် နိုင်ငံအတွင်း နနွင်းနှင့်နနွင်းထွက်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အိန္ဒိယသည်ကမ္ဘာပေါ်တွင်နနွင်းထုတ်လုပ်သူ၊ စားသုံးသူနှင့်အများဆုံး တင်ပို့သူဖြစ်ကြောင်း သိရသည်။

၂၀၂၂-၂၃ ခုနှစ်တွင် အိန္ဒိယ၌ နနွင်းစိုက်ဧရိယာ ဟက်တာ ၃ ဒသမ ၂၄ သိန်းရှိပြီး တန်ချိန် ၁၁ ဒသမ ၆၁ သိန်းထွက်ရှိခဲ့ကြောင်း၊ နနွင်း အမျိုးပေါင်း ၃၀ ကျော်ကို အိန္ဒိယနိုင်ငံတွင် စိုက်ပျိုးပြီး နိုင်ငံတွင်းရှိ ပြည်နယ် ၂၀ ကျော်တွင် စိုက်ပျိုးကြောင်း၊ နနွင်းအများဆုံးထုတ်လုပ်သော ပြည် နယ်များမှာ Maharashtra၊ Telangana၊ Karnataka နှင့် Tamil Nadu တို့ဖြစ်ကြောင်းနှင့် အိန္ဒိယသည် ကမ္ဘာ့နနွင်းကုန်သွယ်မှု၏ ၆၂ ရာခိုင်နှုန်း ကျော်ရှိကြောင်း သိရသည်။

၂၀၂၂-၂၃ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံမှ နနွင်းနှင့် နနွင်းထွက်ကုန်တန်ချိန် ၁ ဒသမ ၅၃၄ သိန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၀၇ ဒသမ ၄၅ သန်းကို တင်ပို့သူ ၃၈၀ ကျော်က တင်ပို့နိုင်ခဲ့ကြောင်း၊ အဓိက တင်ပို့သည့်ဈေးကွက်များမှာ ဘင်္ဂလားဒေ့ရှ်၊ ယူအေအီး၊ အမေရိကန်နှင့် မလေးရှားတို့ဖြစ်ကြောင်း သိရသည်။ ဘုတ်အဖွဲ့၏ အာရုံစိုက်လုပ်ဆောင်မှုများနှင့်အတူ နနွင်းတင်ပို့မှုသည် ၂၀၃၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံအထိရှိလာမည်ဟု ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ သိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် နနွင်းထုတ်လုပ်မှုတိုးမြှင့်နိုင်ရေး၊ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့်နိုင်ငံတကာ ဈေးကွက်ရှာဖွေရရှိရေးတို့အတွက် အမျိုးသားနနွင်းဘုတ်အဖွဲ့အား ဖွဲ့စည်းဆောင်ရွက်ခဲ့မှုအခြေအနေနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း အလားအလာရှိသည့် ထုတ်ကုန်များအတွက် သီးခြားအစုအဖွဲ့များ ဖွဲ့စည်းပြီး ယင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းတောင်သူများအတွက် နည်းပညာအကူအညီများ၊ သင်တန်းပေးခြင်းများနှင့် နိုင်ငံတကာဈေးကွက်ရှာဖွေခြင်းတို့ဖြင့် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

Source: Looking to double turmeric production to 20 lakh tonnes in 5 years, says Commerce Minister Piyush Goyal, The Economic Times, 14 January 2025.,စီးပွားရေးသံမှူး၊ နယူးဒေလီမြို့

Source: https://myantrade.gov.mm/article/Naypyitawstp_200120250951

## ဗီယက်နမ်နိုင်ငံသည် ဥရောပ ၃ နိုင်ငံမှ နိုင်ငံသားများကို မတ်လမှစတင်၍ ဗီဇာကင်းလွတ်ခွင့်ပေးသွားမည်

ဗီယက်နမ်နိုင်ငံသည် ပိုလန်နိုင်ငံ၊ ချက်သမ္မတနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ ခရီးသွားဧည့်သည်များကို ၂၀၂၅ ခုနှစ် မတ်လမှစတင်၍ ဗီဇာကင်းလွတ်မည်ဖြစ်ကြောင်း အစိုးရသတင်းတွင် ဖော်ပြခဲ့သည်။

၎င်းသည် ဇန်နဝါရီလ ၁၅ ရက်နေ့က ထုတ်ပြန်ခဲ့သော ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ အစိုးရဆုံးဖြတ်ချက် အမှတ် 11/NQ-CP ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ယခုနှစ်အတွင်း ပြည်တွင်းခရီးသွားလုပ်ငန်းကို မြှင့်တင်ရန် ကြိုးပမ်းမှုဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါ မူဝါဒအသစ်အား ဗီယက်နမ်နိုင်ငံရှိ နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုပေးသူများ စီစဉ်သည့် ခရီးစဉ်များအတွက် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကျင့်သုံးသွားမည် ဖြစ်ကြောင်း သိရသည်။

ပိုလန်၊ ချက်သမ္မတနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံသားများအား ဝင်ခွင့်ရရှိသည့်နေ့မှ ၄၅ ရက်အထိ ယာယီနေထိုင်နိုင်ရန် အတွက် ဗီဇာကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ဗီယက်နမ်နိုင်ငံသည် နိုင်ငံပေါင်း ၁၃ နိုင်ငံဖြစ်သည့် ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ စပိန်၊ ဗြိတိန်၊ ရုရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ ဒိန်းမတ်၊ ဆွီဒင်၊ နော်ဝေး၊ ဖင်လန်နှင့် ဘယ်လာရုစ်နိုင်ငံတို့မှ နိုင်ငံသားများအတွက် ဗီဇာကင်းလွတ်ခွင့်ကို ဝင်ရောက်သည့်နေ့မှ ၄၅ ရက်အထိ ဗီဇာမလိုဘဲ နေထိုင်ခွင့်ပေးထားကြောင်း ဖော်ပြထားသည်။

Source: Vietnam Plus, (စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟနွိုင်းမြို့)

Source: [https://myantrade.gov.mm/article/npt-200120251015](https://myantrade.gov.mm/article/npt-200120251015)

## တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် စီးပွားရေးစဉ်ဆက်မပြတ် ပြန်လည်ဦးမော့လာမည်ဟု ယုံကြည်

၂၀၂၅ ခုနှစ်အတွက် စီးပွားရေးတိုးတက်မှု ရည်မှန်းချက်များချမှတ်ရာတွင် တရုတ်နိုင်ငံသည် လိုအပ်ချက်နှင့် ဖြစ်နိုင်ခြေနှစ်ခုလုံးကို ထည့်သွင်းစဉ်းစားပြီး ကာလလတ်နှင့် ရေရှည်စီမံကိန်းများကို ပေါင်းစပ်ဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံ၏ ထိပ်တန်းစီးပွားရေးစီမံခန့်ခွဲသည့်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးသည် ၂၀၂၅ ခုနှစ်တွင် အခက်အခဲများနှင့် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရ လိမ့်မည်ဟု အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်မှ အကြီးတန်းအရာရှိ Yuan Da က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

သို့သော်လည်း အပြုသဘောဆောင်သော အချက်များရှိသည်ဟုယုံကြည်ကြောင်း၊ တရုတ်နိုင်ငံ၏ စီးပွားရေးတွင် တည်ငြိမ်သောအခြေခံအုတ်မြစ်၊ အားသာချက်များ၊ ခံနိုင်ရည်အားနှင့် အလားအလာကောင်းများရှိကြောင်း၊ ပြုပြင်ပြောင်းလဲရေးများဆောင်ရွက်ခြင်း၊ အရည်အသွေးပြည့်ထုတ်လုပ်မှုစွမ်းအားသစ်များကို ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ပြည်တွင်းစီးပွားရေး လည်ပတ်မှုကို မြှင့်တင်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အရှိန်အဟုန်ကို လှုံ့ဆော်ပေးမည်ဖြစ်ကြောင်း Yuan က ပြောကြားခဲ့သည်ဟု သိရသည်။

ယခင်နှစ်က စတင်ခဲ့သော မူဝါဒများ၏ သက်ရောက်မှုများသည် ဆက်လက်ရှိနေမည်ဖြစ်ပြီး ယခုနှစ်တွင် မက်ခရိုမူဝါဒများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ၂၀၂၅ ခုနှစ်၊ စီးပွားရေးတိုးတက်မှုရည်မှန်းချက်များ အောင်မြင်စေရန် ခိုင်မာသော အထောက်အပံ့များ ဖြစ်စေနိုင်သည်ဟု Yuan က ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် စီးပွားရေးစဉ်ဆက်မပြတ်ပြန်လည်ဦးမော့လာမှုကို မြှင့်တင်ရန် ယုံကြည်မှုအပြည့်ရှိပြီး (၁၄)ကြိမ်မြောက် ငါးနှစ်စီမံကိန်း၏ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်လည်း အပြည့်အဝယုံကြည်ကြောင်း အဆိုပါ အရာရှိကပြောကြားခဲ့သည်ဟု သိရသည်။

Source: [https://english.news.cn/20250103/7ca746ed6b4e49e88643bbb54b35e270/c.html,](https://english.news.cn/20250103/7ca746ed6b4e49e88643bbb54b35e270/c.html)

(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: [https://myantrade.gov.mm/article/npt-070120250945](https://myantrade.gov.mm/article/npt-070120250945)

## မလေးရှား၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလက်မှတ်ရ ရော်ဘာ တန်ချိန် ၂၀၀ ကို အီးယူသို့ စတင်တင်ပို့

အီးယူ၏ သစ်တောပြုန်းတီးမှုကာကွယ်ရေးဥပဒေသစ် မကျင့်သုံးမီ မလေးရှားအနေဖြင့် အဆိုပါ စည်းမျဉ်းများနှင့် ကိုက်ညီနိုင်ရေး ကြိုးပမ်းလျက်ရှိရာ ပထမဆုံး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလက်မှတ်ရ ရော်ဘာ တန်ချိန် ၂၀၀ ကို အီးယူသို့ တင်ပို့တော့မည်ဖြစ်ကြောင်း၊ မလေးရှားကုမ္ပဏီ ၂ ခု ဖြစ်သည့် Lee Rubber Group Sdn Bhd နှင့် Seng Hin Rubber(M) Sdn Bhd တို့က ဆလိုဗားကီးယားနှင့် နယ်သာလန်တို့သို့ တင်ပို့ မည်ဖြစ်ကြောင်း Business Times သတင်းတွင် ဖော်ပြထားသည်။

စိုက်ပျိုးရေးနှင့်ကုန်စည်များဝန်ကြီးဌာန၊ ဝန်ကြီး Datuk Seri Johari Abdul Ghani က မလေးရှား၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလက်မှတ်ရ ရော်ဘာသည် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ မလေးရှားရော်ဘာထုတ်လုပ်မှုတိုးမြှင့်နိုင်ရန် ကစားပွဲအပြောင်းအလဲဖြစ်ကြောင်း၊ အီးယူ၏ သစ်တောပြုန်းတီးမှု ကာကွယ်ရေး ဥပဒေသစ် မကျင့်သုံးမီ ယခုကဲ့သို့ ရော်ဘာတင်ပို့နိုင်

ခြင်းသည် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်လိုသော မလေးရှား၏ကတိကဝတ်ကိုပြသခြင်းဖြစ်ကြောင်း၊ လယ်ယာကုန်စည်ကဏ္ဍသည် ကမ္ဘာ့ရေရှည်ဖွံ့ဖြိုးတိုးတက် ရေးအလေ့အထနှင့်ချိတ်ဆက်နေသော စက်မှုကဏ္ဍဝယ်လိုအား ကွင်းဆက်နှင့် ကိုက်ညီရန် ဆောင်ရွက်နေမှုကိုလည်းပြသနေကြောင်း၊ ရော်ဘာကဏ္ဍမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် မလေးရှားသည် ကမ္ဘာ့ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေးမြင့် ရော်ဘာထုတ်လုပ်မှုတွင် ဦးဆောင်နေရာရရှိနိုင်ကြောင်း၊ နည်းပညာတိုးတက်မှုနှင့် တီထွင်မှုတို့ကလည်း ပြည်တွင်းရော်ဘာကဏ္ဍတိုးတက်မှုကို တွန်းအားပေးနိုင်သည့်အပြင် ပတ်ဝန်းကျင်ရေရှည်ထိန်းသိမ်းမှုနှင့်တကွ နိုင်ငံစီးပွားရေးတိုးတက်မှုကို အထောက်အကူပြုနိုင်ကြောင်း ပြောကြားခဲ့သည်။

ရော်ဘာကုန်ကြမ်းကို မလေးရှား၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလက်မှတ်ရ လုပ်ကွက်ငယ် ရော်ဘာထုတ်လုပ်သူများထံမှ ဝယ်ယူခြင်းဖြစ်ပြီး မလေးရှား၏ လုပ်ငန်းဆောင်ရွက်မှုစံချိန်စံညွှန်းသည် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် တန်းတူဖြစ်ကြောင်း သိရသည်။ မလေးရှားရော်ဘာဘုတ်အဖွဲ့မှ အောက်တိုဘာလ ၇ ရက်နေ့တွင် စတင်ကျင့်သုံးခဲ့သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလက်မှတ်အစီအစဉ်သည် ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ် ရေရှည်ဖွံ့ဖြိုး တိုးတက်မှုရည်မှန်းချက်များနှင့်အညီ ချမှတ်ထားခြင်းဖြစ်သည်။

ဝန်ကြီးက ရော်ဘာသည် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါကြောင်း၊ ၂၀၂၃ ခုနှစ် စာရင်းများအရ မိသားစု ၂၅၀,၀၀၀ ခန့်နှင့် လုပ်ငန်းနေရာ ၁၀၀,၀၀၀ ခန့် ရှာဖွေပေးနိုင်ခဲ့ကြောင်း၊ ရော်ဘာ ပို့ကုန်ရငွေ မလေးရှားရင်းဂစ် ၂၇ ဒသမ ၈ ဘီလီယံရှိကြောင်း၊ မလေးရှား၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလက်မှတ်မှာ ပြည်တွင်းလုပ်ငန်းရှင်များ၊ အီးယူဈေးကွက်၏ ၁၅ ရာခိုင်နှုန်း (တန်ဖိုးအားဖြင့် မလေးရှားရော်ဘာ စုစုပေါင်း တင်ပို့မှု၏ ရင်းဂစ် ၃ ဒသမ ၈၇ ဘီလီယံ)ကို ကာကွယ်ရန်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ကမ္ဘာ့ဆီအုန်းတင်ပို့မှုအများဆုံးဖြစ်သည့် မလေးရှားနှင့် အင်ဒိုနီးရှားတို့သည် အီးယူ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒများကို ခွဲခြားဆက်ဆံသည့်မူဝါဒများအဖြစ် ဝေဖန်ထားကြသည်။ ရင်းမြစ်။ Business Times

Source: https://commerce.gov.mm/my/article/update-news-international-trade/32032

## အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က အမေရိကတိုက် ပြင်ပကမ်းနီးရေတိမ်ပိုင်းရှိဒေသအချို့မှ ရေနံ သို့မဟုတ် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရန် ငှားရမ်းမှုကို ရုပ်သိမ်းကြောင်းစာလွှာများ ထုတ်ပြန်ခဲ့

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ပြည်ထဲရေးဝန်ကြီးထံသို့ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၆ ရက်တွင် အမေရိက တိုက်ပြင်ပကမ်းနီးရေတိမ်ပိုင်းရှိဒေသအချို့မှ ရေနံ သို့မဟုတ် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရန် ငှားရမ်းမှုကို ရုပ်သိမ်းကြောင်းစာလွှာများ ပေးပို့ခဲ့သည်။

အဆိုပါစာလွှာများတွင် ဘာရိန်း ပင်လယ်မြောက်ပိုင်း၌ ရာသီဥတုခံနိုင်စွမ်းရှိရန် ထိန်းသိမ်းထားသည့် ဒေသ (Northern Bering Sea Climate Resilience Area)ရှိ ရေနံ သို့မဟုတ် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရန်အတွက် ကုန်ဆုံးသက်တမ်းမပါဝင်သည့်ငှားရမ်းမှုနှင့် မြောက်အတ္တလန္တိတ်၊ ဗဟိုအတ္တလန္တိတ်၊ တောင်အတ္တလန္တိတ်နှင့် ဖလော်ရီဒါရေလက်ကြားရှိ ကမ်းနီးရေတိမ်ပိုင်းမှ ရေနံ သို့မဟုတ် သဘာဝဓာတ်ငွေ့တူးဖော်ရန် ကုန်ဆုံး သက်တမ်းမပါဝင်သည့် ငှားရမ်းမှုများကို ရုပ်သိမ်းကြောင်း ဖော်ပြထားသည်။ ယင်းသို့ ငှားရမ်းမှုကို ရုပ်သိမ်းခြင်းသည် ဘာရိန်းပင်လယ်၊ မက္ကဆီကိုပင်လယ်ကွေ့၊ အတ္တလန္တိတ်နှင့် ပစိဖိတ်ဒေသကမ်းနီးရေတိမ်ပိုင်းရှိ သဘာဝမျိုးစိတ်များအပါအဝင် အစားထိုးမရနိုင်သည့် ပင်လယ်နှင့်ကမ်းရိုးတန်းသဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ရေနံယိုဖိတ်မှုကြောင့် ဂေဟစနစ်နှင့် ကမ်းရိုးတန်းဒေသရှိလူမှုပတ်ဝန်းကျင်တို့ကို ထိခိုက်မှု မဖြစ်ပေါ်စေရန်ဖြစ်ပြီး လူမှုဝန်းကျင်၊ ပင်လယ်နှင့် ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်အပေါ် ရာသီဥတုပြောင်းလဲမှုကြောင့် သက်ရောက်သည့် ပြောင်းလဲမှု များကို ပြောင်းလဲခြင်းမလုပ်ဆောင်နိုင်သကဲ့သို့ အန္တရာယ် ဖြစ်စေသည့်အကျိုးဆက်များကို လျော့ကျစေရန်နှင့် ရာသီဥတုဒဏ်ခံနိုင်စွမ်းရှိစေရန် နိုင်ငံ၏လိုအပ်ချက်အရ ယင်းသို့ ငှားရမ်းမှုကို ရုပ်သိမ်းခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ Source: https://myantrade.gov.mm/article/npt-090120251010

## ထိုင်းနိုင်ငံနှင့် ဥရောပလွတ်လပ်သောကုန်သွယ်ရေးအသင်း (European Free Trade Association –Efta) တို့အကြား လက်မှတ်ရေးထိုးမည့် ကုန်သွယ်ရေးစာချုပ်သည် ၂၀၂၆ ခုနှစ်တွင် စတင်အသက်ဝင် မည်ဖြစ်

ထိုင်းနှင့် ဥရောပလွတ်လပ်သောကုန်သွယ်ရေးအသင်း (European Free Trade Association –Efta)တို့ အကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်း၊ အတည်ပြုခြင်းနှင့် ဥပဒေဆိုင်ရာချိန်ညှိမှုများ ဆောင်ရွက်ပြီးနောက် အတည်ပြုပြီးပါက ၂၀၂၆ ခုနှစ် အစောပိုင်းတွင် စတင်အသက်ဝင်နိုင်ရန် ခန့်မှန်းထားကြောင်း ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားချက်အရ သိရသည်။ လွတ်လပ်သော သဘောတူစာချုပ်ကို ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ၌ လက်မှတ် ရေးထိုးပြီးနောက် အတည်ပြုချက်အတွက် လွှတ်တော်သို့တင်ပြသွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများကလည်း လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်နှင့် ကိုက်ညီ

သည့် လုပ်ထုံးလုပ်နည်းများကို ချိန်ညှိ ပေးရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းလွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်သည် ထိုင်းနိုင်ငံအတွက် ဆိုးကျိုးမဖြစ်စေကြောင်း၊ စာချုပ်ကြောင့် ဥရောပနိုင်ငံများစွာသို့ တံခါးပွင့်သွားစေကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ထိုင်းနှင့် ဥရောပလွတ်လပ်သော ကုန်သွယ်ရေးအသင်းနိုင်ငံများအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံရှိပြီး ၂၄ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ ကြောင်း၊ အဓိက ပို့ကုန်များမှာ လက်ဝတ်ရတနာများ၊ နာရီများ၊ သံမဏိထုတ်ကုန်များ၊ ပင်လယ်စာစည်သွပ်ဘူးများ၊ ခရီးသွားသုံးပစ္စည်းများဖြစ်ပြီး သွင်းကုန်များမှာ ကျောက်မျက်များ၊ နာရီများ၊ အသားထုတ်ကုန်များ၊ ဆေးဝါးများနှင့် ဓာတ်မြေဩဇာတို့ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E Mr. Pichai Naripthaphan က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် အာရပ်စော်ဘွားများပြည်ထောင်စုနှင့်ဆွေးနွေးလျက်ရှိသည့် လွတ်လပ်သော ကုန်သွယ် ရေးသဘောတူစာချုပ်အတွက် ညှိနှိုင်းမှုသည် ယခုနှစ်အတွင်း အပြီးသတ်နိုင်မည်ဖြစ်ပြီး အချက်အလက်စင်တာ ဖွံ့ဖြိုးရေးနှင့် အစားအစာလုံခြုံမှုဆိုင်ရာတွင် တိုးတက်မှုရှိကြောင်း၊ အာရပ်စော်ဘွားများပြည်ထောင်စုသည် ထိုင်းနိုင်ငံ၏ အချက်အလက်စင်တာများနှင့် ဉာဏ်ရည်တု တို့တွင် ပူးတွဲရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုရှိကြောင်း၊ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ်ထောက်ပံ့မှုရန်ပုံငွေနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့ကမူအားဖြင့် သဘောတူညီပြီးဖြစ်ကြောင်း၊ ရန်ပုံငွေအတွက် ဥပဒေဆိုင်ရာများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးက မူကြမ်းပြုစုထားပြီး အစိုးရအဖွဲ့သို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ ရန်ပုံငွေအတွက် ကနဦးဘတ်ဂျက်ကို အစိုးရ ဘတ်ဂျက်မှ သုံးစွဲမည်ဖြစ်ပြီး ပမာဏကို မဆုံးဖြတ်ရသေးကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။ Source: [www.bangkokpost.com](www.bangkokpost.com) ၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

Source: [https://myantrade.gov.mm/article/Naypyitawstp_220120250939](https://myantrade.gov.mm/article/Naypyitawstp_220120250939)

## ဗီယက်နမ်နိုင်ငံ၏ ပီလောပီနံတင်ပို့မှုသည် တရုတ်နိုင်ငံထိပ်တန်းဈေးကွက်သို့ရောက်ရှိ

ဗီယက်နမ်နိုင်ငံ၏ ပီလောပီနံနှင့် ပီလောပီနံထွက်ကုန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၂ ဒသမ ၆၂ သန်းရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလီယံခန့်ရှိခဲ့သည်။ ဗီယက်နမ်နိုင်ငံ အကောက်ခွန်ဦးစီးဌာန၏ အစီရင်ခံချက်အရ ပမာဏအားဖြင့် ၁၁ ဒသမ ၁ ရာခိုင်နှုန်း တိုးလာသော်လည်း တန်ဖိုးအားဖြင့် ၁၁ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။

ထို့သို့ဈေးနှုန်းကျဆင်းလျက်ရှိသော်လည်း ပို့ကုန်တန်ဖိုး ၁ ဘီလီယံကျော်သည့် ကုန်စည်ဖြစ်သောကြောင့် ပီလောပီနံနှင့် ပီလောပီနံထွက်ကုန်များသည် ဗီယက်နမ်နိုင်ငံ၏ အရေးပါသောလယ်ယာထွက်ကုန် ကုန်စည်အဖြစ် ဆက်လက်တည်ရှိနေသည်။ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ပို့ကုန်သွင်းကုန်ဦးစီးဌာန၏ အဆိုအရ ၂၀၂၄ ခုနှစ်တွင် ပီလောပီနံနှင့် ပီလောပီနံထွက်ကုန်များ၏ ပို့ကုန်ဈေးနှုန်းမှာ ယခင်နှစ်ထက် အနည်းငယ်ကျဆင်းသွားကြောင်း သိရသည်။

၎င်းသည် မုန်တိုင်းနှင့် ရေလွှမ်းမိုးမှုများကြောင့် မွေးမြူရေးလုပ်ငန်းများအပေါ် သက်ရောက်မှုရှိပြီး မကြာသေးမီလများအတွင်း တရုတ်နိုင်ငံ၏ တိရစ္ဆာန်အစာ ဝယ်လိုအားကျဆင်းမှုကြောင့် ပီလောပီနံဈေးနှုန်းများ ကျဆင်းရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်ပီလောပီနံနှင့် ပီလောပီနံထွက်ကုန်များ အများဆုံးစားသုံးသည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိပြီး ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်းတန်ဖိုးပမာဏ ၉၂ ဒသမ ၈၅ ရာခိုင်နှုန်းနှင့် ပို့ကုန်တန်ဖိုး ၉၁ ဒသမ ၇၇ ရာခိုင်နှုန်းဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ပီလောပီနံပို့ကုန်တင်ပို့မှုသည် တန်ချိန် ၂ ဒသမ ၄၃ သန်းနှင့် တန်ဖိုး ၁ ဒသမ ၀၆ ဘီလီယံရှိကြောင်း၊ ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ပမာဏအားဖြင့် ၉ ဒသမ ၈ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၁၀ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းသွားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက် ချုပ်ဆိုထားသည့် EU၊ တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်ကဲ့သို့သောနိုင်ငံများသို့ ထိုးဖောက်တင်ပို့ခဲ့သော်လည်း အဆိုပါ ဈေးကွက် များအတွင်း ပီလောပီနံတင်ပို့မှုပမာဏမှာ နည်းပါးလျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံသည် ဗီယက်နမ်ပီလောပီနံနှင့် ပီလောပီနံထွက်ကုန်များ အဓိကတင်ပို့သည့် နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဟု ဝန်ကြီးဌာနကခန့်မှန်းထားသည်။

Source: VN Economy ,(စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟန္နိုင်းမြို့)

Source: [https://myantrade.gov.mm/article/npt-31012025155](https://myantrade.gov.mm/article/npt-31012025155)

## ပြည်တွင်းကုန်သွယ်မှုသတင်း

### “ဝါးပို့ကုန်မြှင့်တင်ရေးနှင့် ပြည်ပဈေးကွက်အလားအလာ” အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် မြန်မာနိုင်ငံမှဝါးများ ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေးအတွက် “ဝါးပို့ကုန်မြှင့်တင်ရေးနှင့် ပြည်ပဈေးကွက်အလားအလာ” အလုပ်ရုံဆွေးနွေးပွဲကို စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃)၊ နေပြည်တော်၌ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့၊ ၀၉ : ၃၀ နာရီတွင်ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ၊ ဒုတိယဝန်ကြီး ဦးမင်းမင်း က အမှာစကားပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်း၊ မြန်မာနိုင်ငံလက်မှုအနုပညာအသင်း၊ မြန်မာနိုင်ငံကြိမ်ဝါးအသင်း၊ မျှစ်နှင့် ဝါးစိုက်ပျိုး ထုတ်လုပ်သူမျိုးတူစုအဖွဲ့နှင့် ဆက်စပ်ပို့ကုန်လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ခဲ့သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ခွင့်ပြုချက်နှင့်အညီ ပြည်ပပို့ကုန် ၂ ဆ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အစိုးရနဲ့ ပုဂ္ဂလိကပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်သည့်အတွက် ပို့ကုန်အလားအလာရှိတဲ့ အမည်များဖော်ထုတ်ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် ဝါးပို့ကုန်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိတဲ့အတွက် ဝါးတန်ဖိုးမြှင့်လုပ်ငန်းများ ထုတ်လုပ်တင်ပို့ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ကြောင်း၊ ဝါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါးပို့ကုန်ထုတ်လုပ်တင်ပို့မှုများ တိုးမြှင့်ဆောင်ရွက်ကြရန်တိုက်တွန်းပြောကြားခဲ့သည်။ ထို့နောက် ဝါးထုတ်ကုန်များ ခင်းကျင်းပြသထားမှုအား ကြည့်ရှုခဲ့ကြသည်။ ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲတွင် ဝါးဈေးကွက်အခြေအနေများ၊ ထုတ်ကုန်များ ထုတ်လုပ်မှုအခြေအနေများ၊ ဝါးတန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေးနှင့် ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေး၊ မြန်မာနိုင်ငံ၏ ဝါးစိုက်ပျိုးရေးထုတ်လုပ်မှုနှင့် ဝါးသယံဇာတ ရေရှည်အသုံးချနိုင်ရေးစသည့် ခေါင်းစဉ်များဖြင့်ဆွေးနွေးခဲ့သည်။ Source: **မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့**

Source: https://myantrade.gov.mm/event/npt-170120241200

### ကုန်သွယ်မှုသတင်းအချက်အလက်မြှင့်တင်ရေးဆိုင်ရာ လေ့ကျင့်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ညွှန်ကြားရေးမှူး တက်ရောက်အမှာ စကားပြောကြား

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး၊ ဦးထွန်းနိုင်သည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့၊ နံနက် (၀၉:၀၀) နာရီအချိန်တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ ရန်ကုန်မြို့တွင် ကျင်းပ ပြုလုပ်သည့် လေ့ကျင့်ရေးအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ညွှန်ကြားရေးမှူး၊ ဦးထွန်းနိုင်ကပြောကြားရာတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေနဲ့ “ပို့ကုန်လုပ်ငန်းရှင်များသို့ ကုန်သွယ်မှုသတင်းအချက်အလက်များပံ့ပိုးပေးရန်နဲ့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ရဲ့ ဝန်ထမ်းများကို အစီရင်ခံစာပြုစုခြင်းလေ့ကျင့်ရေးအလုပ်ရုံဆွေးနွေးပွဲ”ဖြစ်ကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅)တွင်ပါရှိသောကဏ္ဍအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများမှ ကုန်သွယ်မှုသတင်းအချက် အလက်ဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၏ မဟာဗျူဟာမြောက်ရည်မှန်းချက်များ (Strategic Objectives)ရဲ့ အမှတ်စဉ် ၃ ဖြစ်တဲ့ ကုန်သွယ်မှုသတင်းအချက်အလက်များရဲ့ အရည်အသွေးနှင့် အချိန်မီရရှိနိုင်မှု တိုးတက်လာစေရန်နှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာရည်မှန်းချက်များ (Operational Objectives) -၃.၂ ဖြစ်တဲ့ ပို့ကုန် လုပ်ငန်းရှင်များနဲ့ နိုင်ငံခြားအဝယ်တော်များသို့ ဝန်ဆောင်မှုပေးရန် ခွဲခြမ်းစိတ်ဖြာချက်ဆိုင်ရာ Trade Information စွမ်းရည်များ ပိုမိုအားကောင်းစေရန်အတွက်ရေးဆွဲထားတဲ့ ဆောင်ရွက်မည့်လုပ်ငန်းစဉ် (Plan of Action – ၃.၂.၁) ပါ လုပ်ငန်းစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ဆောင်ရွက်မဲ့လုပ်ငန်း (Activity) အမှတ် ၃.၂.၁ ပါ အချက်များဖြစ်တဲ့ ဈေးကွက်/ စီးပွားရေး/ ကုန်သွယ်ရေး ဝင်ရောက်ယှဉ်ပြိုင်မှုအတွက် အရေးကြီးသတင်းခွဲခြမ်းစိတ်ဖြာမှုမှာ ကျွမ်းကျင်အဆင့်စွမ်းရည်များရှိတဲ့ စွမ်းရည်ဗဟိုပြုဆရာများ ပြုစုပျိုးထောင်ရန်၊ ပြည်သူ့ကဏ္ဍအကျိုးတူပူးပေါင်းဆောင်ရွက်သူများ (CSO၊ MoC၊ MoPFI)နဲ့ ပုဂ္ဂလိကကဏ္ဍ အကျိုးတူပူးပေါင်းဆောင်ရွက်သူများ (MRA၊ UMFCCI၊ ကဏ္ဍအလိုက်အသင်းအဖွဲ့များ) အတွက်လေ့ကျင့်ရေး အလုပ်ရုံဆွေးနွေးပွဲများ လုပ်ဆောင်ရန်နဲ့ ဈေးကွက်အခွင့်အလမ်းများပေါ်မူတည်ပြီး အနှစ်ချုပ်သုံးသပ်ချက်ဖော်ထုတ်ရန်တို့ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ ပထမအဆင့်အနေနဲ့ စွမ်းရည်ဗဟိုပြုဆရာများ ပြုစုပျိုးထောင်ရန်အတွက် ဝါချည်ဝါဂွမ်းနဲ့ ကော်ဖီစတဲ့ ကုန်ပစ္စည်းနှစ်မျိုးကို ဈေးကွက်သုတေသနအသင်း (MRA)က ဆရာ၊ ဆရာမများရဲ့ ကြီးကြပ်

လမ်းညွှန်မှုနဲ့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ရဲ့ ဝန်ထမ်းများကအစီရင်ခံစာပြုစုခြင်းကို လေ့ကျင့်သင်ယူခဲ့ကြောင်း ပြောကြားသည်။

ဒုတိယအဆင့်အနေနဲ့ ပြုစုထားတဲ့ ဝါချည်ဝါဂွမ်းနှင့် ကော်ဖီအစီရင်ခံစာများနဲ့ပတ်သက်ပြီး ဒီအလုပ်ရုံ ဆွေးနွေးပွဲမှာ ပြည်သူ့ကဏ္ဍ အကျိုးတူပူးပေါင်း ဆောင်ရွက်သူများဖြစ်တဲ့ ဌာနဆိုင်ရာများမှပညာရှင်များ၊ ပုဂ္ဂလိကကဏ္ဍ အကျိုးတူပူးပေါင်းဆောင်ရွက်သူများဖြစ်တဲ့ UMFCCI နဲ့ ကဏ္ဍအလိုက် အသင်းအဖွဲ့များမှ ဈေးကွက်အတွေ့အကြုံရှိ လုပ်ငန်းရှင်များ၏ သုံးသပ်အကြံပြုချက်များကိုရယူပြီး အနှစ်ချုပ်အစီရင်ခံစာကို အချောသတ် ပြုစုကြမှာဖြစ်ကြောင်း၊ မြန်မာစီပွားရေးလုပ်ငန်းရှင်များဖြစ်သည့် ပို့ကုန်လုပ်ငန်းရှင်များအတွက် ဈေးကွက်အစီရင်ခံစာကို ထုတ်ပြန်ပေးမှာဖြစ်ကြောင်း၊ အနှစ်ချုပ် အစီရင်ခံစာကို အချောသတ်ပြုစုသည့်နေရာမှာ အချက်အလက်ပြည့်စုံစေဖို့အတွက် ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများမှပညာရှင်များ၊ ပုဂ္ဂလိက ကဏ္ဍအကျိုးတူပူးပေါင်းဆောင်ရွက်သူများဖြစ်သည့် UMFCCI နှင့် ကဏ္ဍအလိုက်အသင်းအဖွဲ့များမှ ဈေးကွက်အတွေ့အကြုံရှိ လုပ်ငန်းရှင်များအားလုံးတို့က ဝိုင်းဝန်းဆွေးနွေး အကြံပြုကြရန် ပြောကြားခဲ့သည်။

အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူဝန်ထမ်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ ဈေးကွက်သုတေသန အသင်း၊ မြန်မာနိုင်ငံကော်ဖီအသင်း၊ မြန်မာနိုင်ငံဝါနှင့်ဝါထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ စုစုပေါင်း အင်အား (၃၀) ဦး တက်ရောက်ခဲ့ကြောင်းနှင့် အခမ်းအနားကို နေ့လယ် (၁၂) နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

Source:https://myantrade.gov.mm/article/naypyitaw_31012025%201330

# ပြည်ပကုန်သွယ်မှုသတင်း

## ပို့ကုန်အမည်သစ်များတင်ပို့ရေး၊ နိုင်ငံတကာ၏ အရည်အသွေးသတ်မှတ်ချက်များနှင့် ကိုက်ညီစွာတင်ပို့နိုင်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

မြန်မာနိုင်ငံမှ စိုက်ပျိုးရေးနှင့်မွေးမြူရေးထွက်ကုန်များအား ပြည်ပသို့တင်ပို့ရေး၊ နိုင်ငံတကာ၏ အရည်အသွေး သတ်မှတ်ချက်များနှင့်ကိုက်ညီစွာတင်ပို့နိုင်ရေးတို့ကို တွန်းအားပေးဆောင်ရွက်ရန်အတွက် အသိပညာပေးဆွေးနွေးပွဲကို Physical/Virtual စနစ်ဖြင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့၊ နေ့လယ် ၁၃:၀၀ နာရီအချိန်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲ၌ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ခြင်းကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများမှ ဈေးကွက်ဝင်သည့်ထုတ်ကုန်များအား ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေးသည် အရေးကြီးကြောင်း၊ မိမိတို့ထုတ်ကုန်များကို ဝယ်ယူသည့်နိုင်ငံများက သတ်မှတ်ထားသည့် အရည်အသွေး၊ စံချိန်စံညွှန်းများနှင့်ကိုက်ညီအောင် ထုတ်လုပ်တင်ပို့နိုင်ရေးကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာကုန်သွယ်ဖက်နိုင်ငံများသို့ ကုန်ပစ္စည်းတင်ပို့ရာတွင် ဈေးကွက်ဝေစုပိုမိုရရှိရေးအတွက် အလားအလာရှိသည့် ပို့ကုန်ဈေးကွက်များရှာဖွေမြှင့်တင်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများ၊ စီးပွားရေးသံမှူးများနှင့် အသင်းအဖွဲ့များအနေဖြင့် ပြည်ပသို့ကဏ္ဍအလိုက် ဖြစ်နိုင်ချေရှိသည့် ပို့ကုန်အမည်သစ်များ ထိုးဖောက်တင်ပို့နိုင်ရေး၊ နိုင်ငံတကာ၏ အရည်အသွေးနှင့်စံချိန်စံညွှန်းသတ်မှတ်ချက်များအတိုင်း ကိုက်ညီစွာတင်ပို့နိုင်ရေးကို တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် စီးပွားရေးဆိုင်ရာကျင့်ဝတ် များကို လေးစားလိုက်နာပြီး ဥပဒေနှင့်အညီ ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ ကုန်သွယ်မှုကဏ္ဍသည် ရေရှည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် တာဝန်ရှိသူများကလည်း ယခုဆွေးနွေးပွဲတွင် နိုင်ငံတကာ၏ အရည်အသွေးနှင့်စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီစွာတင်ပို့နိုင်ရေးအတွက် အသိပညာများကို ဆွေးနွေးဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အမေရိကန်၊ တရုတ်၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့ရှိ စီးပွားရေးသံမှူးများနှင့် သက်ဆိုင်ရာအသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်လုပ်ငန်းရှင်များ စုစုပေါင်း ၆၅ ဦးခန့် တက်ရောက်ခဲ့ကြပြီး ပို့ကုန်အမယ်သစ်များတင်ပို့ရေး၊ နိုင်ငံတကာ၏ အရည်အသွေးသတ်မှတ်ချက်များနှင့် ကိုက်ညီစွာတင်ပို့နိုင်ရေးအတွက် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြည်တွင်းကုန်သွယ်မှုဌာနခွဲ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

Source:https://myantrade.gov.mm/article/Nay%20Pyi%20Taw%2030_1_2025

## ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့ရန် ဝယ်လိုအား ကောင်းနေတာကြောင့် ပြည်တွင်းပြောင်းဈေးမြင့်တက်လာ

ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်ပြီး အခွန်ကင်းလွတ်ခွင့်ဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့ရန် ဝယ်လိုအား ကောင်းနေတာကြောင့် ဇန်နဝါရီလကုန်ပိုင်းရက်များတွင် ပြည်တွင်းပြောင်းဈေးကွက် အနည်းငယ်မြင့်တက်လာ ကြောင်းပြောင်းတင်ပို့သူများ ထံကသိရသည်။ ပြည်တွင်းပြောင်းဈေးကွက်မှာ ဇန်နဝါရီလဆန်းပိုင်းကဈေးကျဆင်းနေရာမှ ဇန်နဝါရီလကုန်ပိုင်းရက်များတွင် ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁,၆၉၀ (ရန်ကုန်)၊ ငွေကျပ် ၁,၆၀၀ (မန္တလေး)၊ ငွေကျပ် ၁,၅၅၀ (တောင်ကြီး) အသီးသီး ပေါက်ဈေးဖြစ်လာသည်။ ထို့ပြင် ပို့ကုန်ရငွေအပေါ် အခွန်ကောက်ခံသည့်နှုန်းထားများကိုလည်း ပြင်ဆင်ကောက်ခံရာ ယခင်က ပြောင်းလဲလိုက်သည့် အခွန်မူဝါဒမှာ ပို့ကုန်ရငွေ ဒေါ်လာ ၃,၅၀၀ ကျော်အပေါ်မှာ ကောက်ခံခြင်းကို ယခုအခါ ပို့ကုန်ရငွေ ဒေါ်လာ ၂,၁၀၀ အပေါ် တွင် ပြောင်းလဲကောက်ခံခြင်းကြောင့် ပြည်တွင်းပြောင်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၃၀ ခန့် ပြန်လည် မြင့်တက်လာ ခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့မှုကို ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ တင်ပို့နိုင်ရန် ရန်ကုန်သီလဝါဆိပ်ကမ်းတွင် ပြောင်းတင်သင်္ဘော လေးစီး ဆိုက်ကပ်ထားပြီး ပြောင်းတင်ပို့သူများအနေဖြင့် ဝယ်ယူမှု အားကောင်းနေတာကြောင့်လည်း ပြည်တွင်းပြောင်းဈေးမှာ မြင့်တက်လာသည်။

ပြောင်းတင်ပို့မှုအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် (၈)လတာ ကာလအတွင်း အမေရိကန်ဒေါ်လာ ၃၉၂ သန်း ရရှိထားပြီး ပြောင်းတန်ချိန် ၁ ဒသမ ၆၉ သန်း တင်ပို့နိုင်ခဲ့သည်။ မြန်မာနိုင်ငံမှာ ပြောင်းကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှ အဓိကတင်ပို့သည်။ မြန်မာနိုင်ငံတွင် ပြောင်းစိုက်ပျိုးမှုအနေဖြင့် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းများကို ဒေသအလိုက် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ Source: Magwaymedia.com

Source: https://myantrade.gov.mm/article/naypyitaw_3012025_210

## VIETSTOCK EXPO Forum 2025 ကျင်းပမည်

ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်းမြို့ Saigon Exhibition & Convention Centre (SECC) တွင် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ VIETSTOCK EXPO Forum 2025 ကို ကျင်းပပြု လုပ်မည်ဖြစ်ကြောင်း သိရသည်။

ပြပွဲစီစဉ်ကျင်းပသူ Informa Markets အနေဖြင့် ဝယ်ယူသူနှင့်ရောင်းချသူများအား ကုန်သွယ်မှုပြပွဲများမှ တစ်ဆင့် အထူးဈေးကွက်များနှင့် ချိတ်ဆက်ပေးလျက်ရှိသကဲ့သို့ ပြပွဲအတွင်း နိုင်ငံတကာမှပါဝင်လာသည့် အမှတ်တံဆိပ် ၅၅၀ ကျော် နှင့်လည်း တိုက်ရိုက် (သို့မဟုတ်) အွန်လိုင်းမှ B to B ချိတ်ဆက်နိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။

Informa Markets ကုမ္ပဏီအနေဖြင့် အာဆီယံဒေသအတွင်း ဘန်ကောက်၊ ဟန္နိုင်း၊ ဟိုချီမင်း၊ ဂျကာတာ၊ ကွာလာလမ်ပူ၊ မနီလာ၊ စင်ကာပူနှင့် ဖနွမ်းပင်တို့အပါအဝင် အဓိကမြို့ကြီးများရှိ ရုံးခွဲနှင့် ဖက်စပ်လုပ်ငန်းများမှတစ်ဆင့် ဈေးကွက် ၁၃ ခုတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိပြီး မွေးမြူရေးထုတ်ကုန်များ ပြသခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း သိရသည်။

အဆိုပါ ဗီယက်နမ်ထိပ်တန်းနိုင်ငံတကာအစားအစာနှင့်မွေးမြူရေးထုတ်ကုန်များပြပွဲတွင် နိုင်ငံပေါင်း ၄၀ ကျော်မှ ပြခန်းပေါင်း ၃၀၀ ကျော်ဖြင့် ပါဝင်ပြသမည်ဖြစ်ပြီး မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသမည်ဆိုပါက ပြခန်းခအနေဖြင့် Space only (min 18 m2) အတွက် အမေရိကန်ဒေါ်လာ ၄၁၅/m၂၊ Walk on package (min 12 m2) အတွက် အမေရိကန်ဒေါ်လာ ၄၆၅/m2၊ Leadgrab အတွက် အမေရိကန်ဒေါ်လာ ၄၀၀ အသီးသီးကျသင့်မည်ဖြစ်သည်။

VIETSTOCK EXPO ပြပွဲတွင် မွေးမြူရေးနှင့်ငါးမွေးမြူရေးလုပ်ငန်းများဆိုင်ရာ မြန်မာ့ထုတ်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုဆိုင်ရာပြခန်းများ ပြသနိုင်ရေးအတွက် မြန်မာသံရုံးအနေဖြင့် ချိတ်ဆက်ကူညီပူးပေါင်း ပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီးမြန်မာကုမ္ပဏီများအား ဗီယက်နမ်တွင်မိတ်ဖက်များထူထောင်ရန်၊လုပ်ငန်းချဲ့ထွင်ရန်နှင့်အတိုင်ပင်ခံများ၊ ကုန်သွယ်မှုဆိုင်ရာကုမ္ပဏီများနှင့်တွေ့ဆုံ၍ မိတ်ဖက်သစ်များ ရှာဖွေချဲ့ထွင်နိုင်မည့်အခွင့်အရေးများရရှိစေမည်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ် ထိပ်တန်းနိုင်ငံတကာအစားအစာနှင့်မွေးမြူရေးထုတ်ကုန်များပြပွဲသို့ ပါဝင်တက်ရောက်လိုသည့် မြန်မာ လုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း- ၀၆၇-၄၀၈၆၂၂၊ E-mail: event.td.myantrade@gmail.com သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

Source:https://myantrade.gov.mm/event/naypyitaw_17012025%201625

## အထူးဆောင်းပါးများ

## တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်တွင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့

ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးသည် ကမ္ဘာ့ကုန်စည်ကူးသန်းရောင်းဝယ်မှုတွင် ၎င်း၏ ထိပ်ဆုံးနေရာဖြင့် ထပ်မံပေါင်းစည်းလိုက်ခြင်းကြောင့် ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် စုစုပေါင်းတန်ဖိုးပမာဏ၌ စံချိန်တင်မြင့်မားခဲ့သည်။ တရုတ်နိုင်ငံ၏ စုစုပေါင်း ကုန်ပစ္စည်းတင်သွင်းမှုနှင့် တင်ပို့မှုတွင် ယွမ်ငွေ စုစုပေါင်း ၄၃ ဒသမ ၈၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ ထရီလီယံခန့်) ရှိပြီး ယခင်၂၀၂၃ ခုနှစ်ထက် ၅ ရာခိုင်နှုန်းတိုးလာကြောင်း တရုတ်အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးအဖွဲ့(GACC)၏ အချက်အလက်များအရ သိရသည်။

ပို့ကုန်အနေဖြင့် ယွမ်ငွေ ၂၅ ဒသမ ၄၅ ထရီလီယံဖြင့် တစ်နှစ်ထက်တစ်နှစ် ၇ ဒသမ ၁ ရာခိုင်နှုန်း တိုးလာခဲ့ပြီး သွင်းကုန်တွင် ယခင်နှစ်ထက် ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးလာကာ ယွမ်ငွေ ၁၈ ဒသမ ၃၉ ထရီလီယံအထိ တိုးလာကြောင်း အချက် အလက်များ၌ ဖော်ပြထားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့ ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် အစိုးရသတင်းစာရှင်းလင်းပွဲတစ်ခု၌ GACC လက်ထောက်အကြီးအကဲ Wang Lingjun က တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု တိုးတက်မှုသည် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့အဓိကစီးပွားရေးနိုင်ငံများကြား အတန်သင့်မြန်ဆန်လာကြောင်း၊ နိုင်ငံ၏ ပြည်ပကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်ကို အောင်မြင်စွာဖြတ်ကျော်လာနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ၏ သွင်းကုန် နှင့် ပို့ကုန်ဆိုင်ရာ အချက်အလက်များအရ ယွမ် ၄ ထရီလီယံကျော် စံချိန်တင်မြင့်မားခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၆ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း တွေ့ရသည်။

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် စတုတ္ထသုံးလပတ်တွင် ယွမ် ၁၁ ဒသမ ၅၁ ထရီလီယံ အထိ မြင့်တက်ခဲ့ပြီး သုံးလအတွင်းတိုးတက်မှုနှုန်းသည် တတိယသုံးလပတ်နှင့်နှိုင်းယှဉ်ပါက သုည ဒသမ ၄ ရာခိုင်နှုန်း အထိ မြန်ဆန်လာကြောင်း တွေ့ရသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အချက်အလက်များအရ တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ် ပထမသုံးလပတ်သုံးလပတ် ကမ္ဘာ့ ပို့ကုန်၊ သွင်းကုန် စုစုပေါင်း၏ ၁၄ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၁၀ ဒသမ ၅ ရာခိုင်နှုန်းတို့နှင့်အတူ ကမ္ဘာ့အကြီးဆုံး ကုန်စည်ကုန်သွယ်မှုအဆင့်ကို ပိုမိုခိုင်မာ လာစေခဲ့ကြောင်း တွေ့ရသည်။

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု၌ အောင်မြင်မှုသည် ၂၀၂၄ ခုနှစ်တွင် လွယ်ကူစွာရရှိခဲ့ခြင်းမဟုတ်ကြောင်း၊ ဇဟိုအာဏာပိုင်များ၏ အချိန်မီတိုးမြင့်လာသည့် မူဝါဒများအပြင် နိုင်ငံခြားကုန်သွယ်မှု တည်ငြိမ်စေရန်ရည်ရွယ်သည့် အစီအမံများကြောင့်ဖြစ်ကြောင်း၊ အကောက်ခွန်အာဏာပိုင်များအနေဖြင့် ဆိပ်ကမ်းများ၌ စီးပွားရေးပတ်ဝန်းကျင်ကို အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်ရန်နှင့် အကောက်ခွန်ရှင်းလင်းခြင်းလုပ်ငန်းများလွယ်ကူချောမွေ့စေရန် အစီအမံ ၁၆ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း Wang က ပြောကြားခဲ့သည်။

နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုကို ပံ့ပိုးမြှင့်တင်နိုင်ရန်အတွက် အထူးဆောင်ရွက်ချက်များကို မြို့ကြီး ၂၀ ခု တွင် စတင်ခဲ့ပြီး စျေးကွက်စီပွားရေးစနစ်၊ ဥပဒေအခြေခံမှုနှင့် နိုင်ငံတကာအဆင့်မီ ပထမတန်းစား နယ်စပ်ဂိတ် စီးပွားရေးပတ်ဝန်းကျင်တို့ကို ဖော်ဆောင်နိုင်ရန်လည်း ဆောင်ရွက်ခဲ့သည်။

**အဆင့်မြင့်သော ပို့ကုန်များနှင့် ဖွံ့ဖြိုးလာသော သွင်းကုန်များ**

တရုတ်နိုင်ငံအနေဖြင့် ပို့ကုန်၊ သွင်းကုန် ကုန်ပစ္စည်းများ၏အခြေအနေကို ယခင်နှစ်ထက်စဉ်ဆက်မပြတ် ပိုမိုကောင်းမွန်စေရန်နှင့် ပိုမိုမြှင့်တင်ရန်ဆောင်ရွက်လျက်ရှိသည်။ နည်းပညာမြင့်ထုတ်ကုန်များတိုးတက်မှု ကိန်းဂဏန်းကောင်းမွန်လာကြောင်းနှင့် နယ်စပ်ဖြတ်ကျော် e-commerce ကဲ့သို့သော ကုန်သွယ်မှုအမျိုးအစားသစ်များ၌ အရှိန်အဟုန်တစ်ခုရရှိလာကြောင်း တွေ့ရသည်။

၂၀၂၄ ခုနှစ်တွင် စက်ယန္တရား တင်ပို့မှုအနေဖြင့် ၈ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး ပိုကုန် စုစုပေါင်း၏ ၅၉ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။ တရုတ်နိုင်ငံ၏ လျှပ်စစ်ကားများ၊ 3D ပရင်တာများနှင့် စက်ရုပ်များကဲ့သို့သော နည်းပညာမြင့်ထုတ်ကုန်များတင်ပို့မှုသည် လျင်မြန်စွာတိုးတက်လာသည်ကိုတွေ့ရသည်။ နယ်စပ် ဖြတ်ကျော် e-commerce တင်သွင်းမှုနှင့် ပို့ကုန်များ၏ နှစ်စဉ်တန်ဖိုးသည် ယွမ် ၂ ဒသမ ၆၃ ထရီလီယံသို့ ရောက်ရှိခဲ့ပြီး ၂၀၂၀ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ယွမ် ၁ ထရီလီယံ တိုးလာကြောင်း ကိန်းဂဏန်းအချက်အလက်များအရ တွေ့ရသည်။

အလားတူ တရုတ်နိုင်ငံသည် အစိမ်းရောင်ကုန်သွယ်မှု (green trade) တွင် ရှေ့တန်း၌ရှိနေပြီး အစိမ်းရောင် ထုက်ကုန်များ ကုန်သွယ်မှု (green products trade) သည် ရာသီဥတုပြောင်းလဲမှုနှင့် ၂၀၂၄ ခုနှစ် အစိမ်းရောင်နှင့် ကာဗွန်နည်းသော အသွင်ကူးပြောင်းမှု (low-carbon transition) ကို ကမ္ဘာလုံးဆိုင်ရာတုံ့ပြန်မှုတွင် သိသာထင်ရှားသော ပံ့ပိုးကူညီမှုတစ်ခုဖြစ်ခဲ့ကြောင်း GAC ၏ စာရင်းအင်းနှင့် စိစစ်ရေးဌာန၊ ဒါရိုက်တာ Lyu Daliang က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် လေအားနှင့် နေရောင်ခြည်စွမ်းအင်သုံး စက်ကိရိယာများအပါအဝင် စိမ်းလန်းသော စွမ်းအင်တင်ပို့မှု (green energy exports)၌ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့သည်။ စိမ်းလန်းသော သယ်ယူပို့ဆောင်ရေးနယ်ပယ်တွင် လျှပ်စစ်စီးရထားစက်ခေါင်းများ၏ ပို့ကုန်ပမာဏသည် ငါးနှစ် ဆက်တိုက်တိုးတက်လာခဲ့ပြီး လျှပ်စစ်ဆိုင်ကယ်နှင့် လျှပ်စစ်စက်ဘီးများ၏ ပို့ကုန်တန်ဖိုးသည် ပထမဆုံးအကြိမ်အဖြစ် ယွမ် ၄၀ ဘီလီယံကျော် ရှိလာခဲ့သည်။ လျှပ်စစ်မော်တော်ယာဉ် တင်ပို့မှုအနေဖြင့် အစီးရေ ၂ သန်းကျော် ရှိခဲ့သည်။

သွင်းကုန်ကဏ္ဍနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ တိုးမြှင့်တင်သွင်းမှုသည် ကုန်သွယ်ဖက်နိုင်ငံများအတွက် ဖွံ့ဖြိုး တိုးတက်မှုကို တွန်းအားဖြစ်စေခဲ့ကြောင်း Lyu က ပြောကြားခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံ၏ အီလက်ထရွန်နစ် အစိတ်အပိုင်းများ (electronic components)၊ semiconductor ထုတ်လုပ်သည့် စက်ကိရိယာများနှင့် ကွန်ပျူတာအစိတ်အပိုင်းများ တင်သွင်းမှုသည် ၁၀ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၁ ရာခိုင်နှုန်းနှင့် ၆၂ ဒသမ ၆ ရာခိုင်နှုန်း အသီးသီးတိုးလာကြောင်း ကိန်းဂဏန်း အချက်အလက်များအရ တွေ့ရသည်။

တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံ၏ လူသုံးကုန်ဈေးကွက်သည် တဖြည်းဖြည်းကြီးထွားလာပြီး လူသုံးကုန်ပစ္စည်း အမျိုးအပြား တင်သွင်းရန်လိုအပ်ချက်မှာ အတန်အသင့်အားကောင်းနေဆဲဖြစ်သည်။ ဥပမာအားဖြင့် အဝတ်အထည်၊ သစ်သီးဝလံ နှင့် ဝိုင်တင်သွင်းမှုသည် ၅ ဒသမ ၆ ရာခိုင်နှုန်း၊ ၈ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၃၈ ဒသမ ၈ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့ကြောင်း တွေ့ရသည်။

ပို့ကုန်နှင့်နှိုင်းယှဉ်ပါက သွင်းကုန်တိုးတက်မှုနှုန်းနှေးကွေးရခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် သွင်းကုန်ဈေးနှုန်းများ ကျဆင်းမှုကြောင့်ဖြစ်ကြောင်း တွေ့ရသည်။ ဥပမာအားဖြင့် တင်သွင်းလာသည့် ရေနံစိမ်းနှင့် သံရိုင်း ဈေးနှုန်းများသည် ၉ ရာခိုင်နှုန်းနှင့် ၁၆ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့သဖြင့် သွင်းကုန်တိုးတက်မှုနှုန်းကို အဟန့်အတားတစ်ခုဖြစ်စေခဲ့သည်။

အချို့သောနိုင်ငံများအနေဖြင့် စီးပွားရေးနှဲ့ကုန်သွယ်မှုဆိုင်ရာပြဿနာများကို နိုင်ငံရေးအရအသုံးချပြီး ပို့ကုန်ထိန်းချုပ်ရေးအစီအမံများအား အလွဲသုံးစားလုပ်ဆောင်ကြကြောင်း၊ တရုတ်နိုင်ငံသို့ အချို့သောကုန်ပစ္စည်းတင်ပို့မှုကို တရားမျှတမှုမရှိစွာ ကန့်သတ်ထားကြောင်း၊ ယင်းသို့မပြုလုပ်ပါက တရုတ်နိုင်ငံအနေဖြင့် တင်သွင်းမှု ပိုမိုဆောင်ရွက်လာနိုင်ကြောင်း Lyu က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် တရုတ်နိုင်ငံသည် တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ထူထောင်ထားသည့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအားလုံးအတွက် အခွန်စည်းကြပ်မှု ၁၀၀ ရာခိုင်နှုန်းကို အကောက်ခွန်မဲ့ ဆောင်ရွက်ခွင့်ပြုခဲ့ပြီး အဆိုပါလတွင် သက်ဆိုင်ရာနိုင်ငံများမှ တင်သွင်းမှုပမာဏသည် ၁၈ ဒသမ ၁ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း တွေ့ရသည်။

တရုတ်နိုင်ငံ၏ မိမိဆန္ဒအရ တစ်ဖက်သတ်ဖွင့်လှစ်မှု (voluntary and unilateral opening up) ကို စည်းစနစ်တကျ ချဲ့ထွင်ခြင်း (orderly expansion)နှင့် ၎င်း၏ ကျယ်ပြန့်သောဈေးကွက်အလားအလာတို့သည် တရုတ်ဈေးကွက်ကို တစ်ကမ္ဘာလုံးမျှဝေရန် အခွင့်အလမ်းများပိုမိုပေးစွမ်းနိုင်ကြောင်း Lyu က ပြောကြားခဲ့သည်။

**မိတ်ဆွေအသိုင်းအဝိုင်းတိုးချဲ့ခြင်း (BROADENING "FRIENDS CIRCLE")**

တရုတ်နိုင်ငံသည် နိုင်ငံနှင့်ဒေသပေါင်း ၁၅၀ ကျော်၏ အဓိကကုန်သွယ်ဘက် ဖြစ်လာပြီးနောက် နိုင်ငံခြားကုန်သွယ်မှုတွင် နိုင်ငံ၏မိတ်ဆွေအသိုင်းအဝိုင်းသည်လည်း ပို၍ကြီးမားလာသည်။ တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့သည့်နိုင်ငံများနှင့် ဒေသများသည် ၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၂၄ ခုနှစ်တွင် လေးခု တိုးလာပြီး တရုတ်နိုင်ငံ၏ ပို့ကုန်တင်ပို့နိုင်မှုတွင် ၁ ခုသာ တိုးလာကြောင်း တရားဝင် ဖော်ပြထားသည်။

ပထမအကြိမ်အဖြစ် Belt and Road Initiative (BRI) အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု စုစုပေါင်းတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းကျော်ရှိလာခဲ့ပြီး ကိန်းဂဏန်း အချက်အလက်များအရ ၅၀ ဒသမ ၃ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့သည်။ တရုတ်နိုင်ငံ၏ ထုတ်ကုန်များသည် သက်ဆိုင်ရာနိုင်ငံများ၏ ထုတ်လုပ်မှုနှင့် စားသုံးမှု လိုအပ်ချက်များကို ထိရောက်စွာ ဖြည့်ဆည်းပေးလျက်ရှိပြီး အဆိုပါနိုင်ငံများမှ အရည်အသွေးမြင့် ထုတ်ကုန်များသည် တရုတ်ဈေးကွက်သို့ စဉ်ဆက်မပြတ် ဝင်ရောက်လာခဲ့သည်။

အကောက်ခွန်အချက်အလက်များအရ တရုတ်နိုင်ငံအနေဖြင့် Belt and Road Initiative အဖွဲ့ဝင်နိုင်ငံများမှ ကုန်ပစ္စည်း တန်ဖိုး ယွမ် ၉ ဒသမ ၈၆ ထရီလီယံ တင်သွင်းနိုင်ခဲ့ပြီး ၂ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ယင်းသည် နိုင်ငံ၏ စုစုပေါင်းသွင်းကုန်တန်ဖိုး၏ ၅၃ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည်။

တရုတ်နိုင်ငံသည် အရှေ့အာရှ ပူးပေါင်းဆောင်ရွက်မှု (East Asia cooperation) နှင့် ဒေသတွင်း စီးပွားရေးပေါင်းစည်းမှု (regional economic integration) တို့ကို စဉ်ဆက်မပြတ်မြှင့်တင်ပြီး အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)နှင့်

စက်မှုကွင်းဆက်ပူးပေါင်းဆောင်ရွက်မှု (industrial chain cooperation) ကို အားကောင်းလာစေခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် တရုတ်နှင့် အာဆီယံတို့သည် ငါးနှစ်ဆက်တိုက် အကြီးဆုံးကုန်သွယ်ဖက်များ ဖြစ်လာခဲ့သည်။

အခြား BRICS အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများသို့ တရုတ်နိုင်ငံ၏ ပို့ကုန်နှင့် သွင်းကုန် ပမာဏသည် ၂၀၂၄ ခုနှစ်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် လက်တင် အမေရိက၊ အာဖရိက၊ ဗဟိုအာရှနိုင်ငံများ၊ ဗဟိုနှင့် အရှေ့ဥရောပနိုင်ငံများနှင့် စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု၌ အားကောင်းလာခဲ့သည်။

အလားတူ အီးယူ (EU)နှင့် အမေရိကန်အပါအဝင် ပုံမှန်ဈေးကွက်များ (traditional markets) နှင့် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်တွင် ပိုမိုတိုးတက်လာခဲ့သည်။ အီးယူသည် တရုတ်နိုင်ငံ၏ လူသုံးကုန်ပစ္စည်းများ တင်သွင်းမှုတွင် အဓိကအရင်းအမြစ်တစ်ခု ဖြစ်ခဲ့သည်။

နိုင်ငံတကာစီးပွားရေး အဖွဲ့အစည်းများအနေဖြင့် ၂၀၂၅ ခုနှစ် အတွင်း ကမ္ဘာ့ကုန်စည်ကုန်သွယ်မှု ဆက်လက်တိုးလာမည်ဟု ခန့်မှန်းထားသည်။ တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု အရည်အသွေးမြင့် ဖွံ့ဖြိုး တိုးတက်မှုကို မြှင့်တင်ရန်အတွက် ပံ့ပိုးပေးသည့်အချက်များသည် ၂၀၂၅ ခုနှစ်တွင် ဆက်လက် တည်ရှိနေမည် ဖြစ်ကြောင်း GACC လက်ထောက်အကြီးအကဲ Wang က ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် ပို့ကုန်လမ်းကြောင်းနှင့် ပတ်သက်၍ ပြင်ပပတ်ဝန်းကျင်နှင့် မသေချာမရေရာမှုများ၏ စိန်ခေါ်မှုများ တိုးလာနေသော်လည်း တရုတ်နိုင်ငံ၏ပို့ကုန်များသည် ၎င်း၏များစွာသော ထုတ်ကုန်များ၊ မျှတ၍ကွဲပြားသော ဈေးကွက်များနှင့် လိုက်လျောညီထွေရှိမှုနှင့် ခံနိုင်ရည်ရှိမှုတို့ကို ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း တွေ့ရသည်။

အရင်းအမြစ်။ http://en.people.cn/n3/2025/0114/c90000-20265790.html

လျှံရှန်းမုန်၊ စီးပွားရေးသံမှူး၊ တရုတ်နိုင်ငံ၊ ကူမင်းမြို့။

Source:https://myantrade.gov.mm/article/npt-200120250222

## ကုန်သွယ်မှုအခြေအနေ

### ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၅၊ ဇန်နဝါရီလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၄.၂.၂၀၂၅) ထိ

| မြို့နယ် | ဧရာဝတီ ပေါ်ဆန်း |
|---|---|
| ဖျာပုံ | 120000-125000 |
| မြောင်းမြ | 120000-125000 |
| ဒေးဒရဲ | 120000-125000 |
| ဝါးခယ်မ | 120000-125000 |
| ဘိုကလေး | 120000-125000 |
| မော်လမြိုင်ကျွန်း | 120000-125000 |
| လပွတ္တာ | 120000-125000 |
| ကျိုက်လတ် | 120000-125000 |
| ဘုရင့်နောင် | 145000-150000 (ရွှေဘိုပေါ်ဆန်း) |

Source: MRF

### ၂၀၂၅၊ ဇန်နဝါရီလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 6.1.2025 | 1750-2250 | 1700-2200 | 1650-2150 | 1600-2100 | 1550-2050 |
| 2 | 13.1.2025 | 1900-2200 | 1850-2150 | 1800-2100 | 1750-2050 | 1700-2000 |
| 3 | 20.1.2025 | 1900-2200 | 1850-2150 | 1800-2100 | 1750-2050 | 1700-2000 |
| 4 | 27.1.2025 | 1900-2200 | 1850-2150 | 1800-2100 | 1750-2050 | 1700-2000 |

Source: MRPPA

## ၂၀၂၅၊ ဇန်နဝါရီလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ) | | | ခွဲနီ(ရှယ်) | | | ဧည့်မထ 25% အကြမ်း | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 2.1.2025 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 2 | 3.1.2025 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 3 | 6.1.2025 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 4 | 7.1.2025 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 5 | 8.1.2025 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 6 | 9.1.2025 | 125000 | 120000 | 110000 | 110000 | 105000 | 100000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| | | သစ် | | | | | | | | | | | |
| 7 | 10.1.2025 | 113000 | 112000 | 110000 | 95000 | 93000 | 90000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 8 | 11.1.2025 | 113000 | 112000 | 110000 | 95000 | 93000 | 90000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 9 | 13.1.2025 | 113000 | 112000 | 110000 | 95000 | 93000 | 90000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 10 | 14.1.2025 | 113000 | 112000 | 110000 | 95000 | 93000 | 90000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 11 | 15.1.2025 | 113000 | 112000 | 110000 | 95000 | 93000 | 90000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 12 | 16.1.2025 | 113000 | 112000 | 110000 | 95000 | 93000 | 90000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 13 | 17.1.2025 | 113000 | 112000 | 110000 | 95000 | 93000 | 90000 | 73000 | 72000 | 71000 | 73000 | 72000 | 71000 |
| 14 | 20.1.2025 | 113000 | 112000 | 110000 | 95000 | 93000 | 90000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 15 | 21.1.2025 | 113000 | 112000 | 110000 | 95000 | 93000 | 90000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 16 | 22.1.2025 | 113000 | 112000 | 110000 | 95000 | 93000 | 90000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 17 | 23.1.2025 | 113000 | 112000 | 110000 | 95000 | 93000 | 90000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 18 | 24.12025 | 113000 | 112000 | 110000 | 95000 | 93000 | 90000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 19 | 27.1.2025 | 110000 | 109000 | 108000 | 95000 | 93000 | 90000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 20 | 28.1.2025 | 110000 | 109000 | 108000 | 95000 | 93000 | 90000 | 72000 | 71000 | 70000 | 72000 | 71000 | 70000 |
| 21 | 30.1.2025 | 110000 | 109000 | 108000 | 95000 | 93000 | 90000 | 67000 | 665000 | 66000 | 72000 | 71000 | 70000 |
| 22 | 31.1.2025 | 110000 | 109000 | 108000 | 95000 | 93000 | 90000 | 67000 | 665000 | 66000 | 72000 | 71000 | 70000 |

Source: Myanmar Rice

## ၂၀၂၅၊ ဇန်နဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 2.1.2025 | 2100.0 | 61.340 | 287.69 | 1542.64 | 24.49 | 1339.37 |
| 2 | 3.1.2025 | 2100.0 | 60.930 | 287.31 | 1532.96 | 24.48 | 1336.60 |
| 3 | 6.1.2025 | 2100.0 | 60.680 | 286.54 | 1536.44 | 24.47 | 1331.94 |
| 4 | 7.1.2025 | 2100.0 | 60.88 | 286.65 | 1544.52 | 24.50 | 1334.14 |
| 5 | 8.1.2025 | 2100.0 | 60.640 | 286.43 | 1536.83 | 24.46 | 1327.39 |
| 6 | 9.1.2025 | 2100.0 | 60.580 | 286.41 | 1533.46 | 24.44 | 1328.06 |
| 7 | 10.1.2025 | 2100.0 | 60.730 | 286.39 | 1534.58 | 24.44 | 1329.83 |
| 8 | 11.1.2025 | 2100.0 | 60.600 | 286.39 | 1531.17 | 24.36 | 1331.60 |
| 9 | 13.1.2025 | 2100.0 | 60.390 | 286.43 | 1529.39 | 24.28 | 1332.70 |
| 10 | 14.1.2025 | 2100.0 | 60.510 | 286.45 | 1533.63 | 24.24 | 1331.26 |
| 11 | 15.1.2025 | 2100.0 | 60.480 | 286.42 | 1535.71 | 24.31 | 1336.77 |
| 12 | 16.1.2025 | 2100.0 | 60.740 | 286.43 | 1536.32 | 24.27 | 1346.89 |
| 13 | 17.1.2025 | 2100.0 | 60.98 | 286.54 | 1536.60 | 24.25 | 1348.57 |
| 14 | 20.1.2025 | 2100.0 | 61.17 | 286.96 | 1538.69 | 24.26 | 1345.16 |
| 15 | 21.1.2025 | 2100.0 | 61.57 | 288.32 | 1544.40 | 24.26 | 1347.45 |
| 16 | 22.1.2025 | 2100.0 | 62.05 | 288.73 | 1552.28 | 24.31 | 1348.70 |
| 17 | 23.1.2025 | 2100.0 | 61.76 | 288.14 | 1546.56 | 24.27 | 1341.42 |
| 18 | 24.12025 | 2100.0 | 62.42 | 289.85 | 1559.43 | 24.36 | 1350.96 |
| 19 | 27.1.2025 | 2100.0 | 62.27 | 289.05 | 1558.90 | 24.30 | 1352.96 |
| 20 | 28.1.2025 | 2100.0 | 61.96 | 289.60 | 1553.60 | 24.26 | 1351.92 |
| 21 | 30.1.2025 | 2100.0 | 62.29 | 289.60 | 1556.02 | 24.25 | 1358.83 |
| 22 | 31.1.2025 | 2100.0 | 62.49 | 289.60 | 1550.04 | 24.24 | 1357.51 |

Source: Central Bank of Myanmar

## ၂၀၂၅၊ ဇန်နဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2024 | 2024 | | (ထိပ်စ) | | |
| 1 | 2.1.2025 | 3260000 | 3150000 | – | 3417100 | 3062000 | 3649800 |
| 2 | 3.1.2025 | 3197000 | 3115000 | – | 3417100 | 3062000 | 3649800 |
| 3 | 6.1.2025 | 3160000 | 3052000 | – | 3417100 | 3062000 | 3649800 |
| 4 | 7.1.2025 | 3135000 | 3000000 | – | 3417100 | 3062000 | 3542700 |
| 5 | 8.1.2025 | 3215000 | 3095000 | – | 3417100 | 3062000 | 3542700 |
| 6 | 9.1.2025 | 3226000 | 3097000 | – | 3417100 | 3062000 | 3542700 |
| 7 | 10.1.2025 | 3195000 | 3075000 | – | 3417100 | 3062000 | 3542700 |
| 8 | 11.1.2025 | 3220000 | 3055000 | – | 3417100 | 3062000 | 3542700 |
| 9 | 13.1.2025 | 3020000 | 2900000 | – | 3417100 | 3062000 | 3542700 |
| 10 | 14.1.2025 | 3028000 | 2890000 | – | 3417100 | 3006800 | 3435500 |
| 11 | 15.1.2025 | 3127000 | 3052000 | – | 3417100 | 3006800 | 3435500 |
| 12 | 16.1.2025 | 3050000 | 2950000 | – | 3417100 | 3006800 | 3435500 |
| 13 | 17.1.2025 | 3010000 | 2920000 | – | 3417100 | 3006800 | 3435500 |
| 14 | 20.1.2025 | 2977000 | 2880000 | – | 3417100 | 3006800 | 3435500 |
| 15 | 21.1.2025 | 3040000 | 2965000 | – | 3368100 | 2951700 | 3328300 |
| 16 | 22.1.2025 | 3077000 | 3080000 | – | 3368100 | 2951700 | 3328300 |
| 17 | 23.1.2025 | 3063000 | 3030000 | – | 3368100 | 2951700 | 3328300 |
| 18 | 24.12025 | 3082000 | 3030000 | – | 3368100 | 2951700 | 3328300 |
| 19 | 27.1.2025 | 3030000 | 2925000 | – | 3368100 | 2951700 | 3328300 |
| 20 | 28.1.2025 | 3010000 | 2900000 | – | 3417100 | 2737400 | 3221200 |
| 21 | 30.1.2025 | 3055000 | 2972000 | – | 3417100 | 2737400 | 3221200 |
| 22 | 31.1.2025 | 3053000 | 2932000 | – | 3417100 | 2737400 | 3221200 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၅၊ ဇန်နဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 2.1.2025 | 3034400–3144600 | 3467900–2501600 | 2602700–2706800 | 3652900–3726400 | 1016600–1028800 |
| 2 | 3.1.2025 | 3034400–3144600 | 3467900–2501600 | 2602700–2706800 | 3570200–3674300 | 1016600–1028800 |
| 3 | 6.1.2025 | 3034400–3144600 | 3449600–2501600 | 2602700–2654700 | 3570200–3674300 | 1016600–1028800 |
| 4 | 7.1.2025 | 3034400–3144600 | 3449600–2501600 | 2602700–2654700 | 3570200–3674300 | 1010400–1022700 |
| 5 | 8.1.2025 | 3034400–3144600 | 2467900–2501600 | 2602700–2654700 | 3570200–3674300 | 1010400–1022700 |
| 6 | 9.1.2025 | 3034400–3144600 | 2467900–2501600 | 2550600–2602700 | 3570200–3674300 | 1010400–1022700 |
| 7 | 10.1.2025 | 3034400–3144600 | 2467900–2501600 | 2550600–2602700 | 3570200–3674300 | 1010400–1022700 |
| 8 | 11.1.2025 | 3034400–3144600 | 2467900–2501600 | 2550600–2602700 | 3570200–3674300 | 1010400–1022700 |
| 9 | 13.1.2025 | 3034400–3144600 | 2480200–2501600 | 2602700–2706800 | 3570200–3674300 | 1010400–1022700 |
| 10 | 14.1.2025 | 3034400–3144600 | 2498600–2553700 | 2651600–2706800 | 3521200–3625300 | 1004300–1016600 |
| 11 | 15.1.2025 | 3034400–3144600 | 2498600–2553700 | 2651600–2706800 | 3521200–3625300 | 1004300–1016600 |
| 12 | 16.1.2025 | 3034400–3144600 | 2510800–2553700 | 2651600–2706800 | 3417100–3521200 | 1004300–1016600 |
| 13 | 17.1.2025 | 3034400–3144600 | 2510800–2553700 | 2651600–2706800 | 3417100–3521200 | 1004300–1016600 |
| 14 | 20.1.2025 | 3034400–3144600 | 2550600–2602700 | 2651600–2706800 | 3417100–3521200 | 1004300–1016600 |
| 15 | 21.1.2025 | 3034400–3144600 | 2498600–2553700 | 2651600–2706800 | 3469200–3521200 | 1022700–1034900 |
| 16 | 22.1.2025 | 3034400–3144600 | 2498600–2553700 | 2651600–2706800 | 3521200–3573300 | 1022700–1034900 |
| 17 | 23.1.2025 | 3034400–3144600 | 2602700–2633300 | 2651600–2706800 | 3570200–3674300 | 1022700–1034900 |
| 18 | 24.12025 | 3034400–3144600 | 2633300–2676100 | 2651600–2706800 | 3622300–3674300 | 1022700–1034900 |
| 19 | 27.1.2025 | 3034400–3144600 | 2581200–2602700 | 2633300–2654700 | 3775400–3827400 | 1022700–1034900 |
| 20 | 28.1.2025 | 2924200–3037500 | 2550600–2602700 | 2633300–2654700 | 3775400–3827400 | 1028800–1041100 |
| 21 | 30.1.2025 | 2924200–3037500 | 2550600–2602700 | 2633300–2654700 | 3775400–3827400 | 1028800–1041100 |
| 22 | 31.1.2025 | 2924200–3037500 | 2498600–2553700 | 2602700–2654700 | 3775400–3827400 | 1028800–1041100 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၅၊ ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 2.1.2025 to 3.1.2025 | 6.1.2025 to 10.1.2025 | 13.1.2025 to 17.1.2025 | 20.1.2025 to 24.1.2025 | 27.1.2025 to 31.1.2025 |
|---|---|---|---|---|---|---|
| မတ်ပဲ (2023-24 Crop) | FAQ | 860-870 | 805-815 | 780-790 | 735-745 | 750-760 |
| | SQ | 960-970 | 905-915 | 880-890 | 835-845 | 845-855 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 960-980 | 905-925 | 880-900 | 835-855 | 850-870 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1060-1080 | 1005-1025 | 980-1000 | 935-955 | 950-970 |
| | အခွံပါအခြမ်း | 960-980 | 905-925 | 880-900 | 835-855 | 850-870 |
| ပဲတီစိမ်း (2023-24 Crop) | FAQ (အညာ) | 780-790 | 810-820 | 820-830 | 830-840 | 840-850 |
| | FAQ (ရွှေဝါ) | 830-840 | 850-860 | 860-870 | 870-880 | 880-890 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 890-900 | 900-910 | 910-920 | 920-930 | 930-940 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 835-845 | 855-865 | 865-875 | 880-890 | 890-900 |
| | ရွှေဝါအသေး (Under 3.5 mm) | 780-790 | 800-810 | 810-820 | 820-830 | 840-850 |
| ပဲတီစိမ်း (2023 -24 Crop) | FAQ ပဲနောက် | 750-760 | 770-780 | 780-790 | 800-810 | 810-820 |
| | SQ ပဲနောက် | 1010-1020 | 1010-1020 | 1020-1030 | 1020-1030 | 1020-1030 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 1010-1030 | 1015-1035 | 1025-1045 | 1045-1065 | 1055-1075 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 825-845 | 830-850 | 840-860 | 850-870 | 860-880 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 775-795 | 780-800 | 790-810 | 800-820 | 810-830 |
| ပဲစင်းငုံ(2023 -24 Crop) | အနီ | 860-870 | 780-790 | 745-755 | 720-730 | 720-730 |
| ပဲစင်းငုံ (2023-24 Crop) | အဖြူ(စစ်ကိုင်း) | 820-830 | 740-750 | 705-715 | 680-690 | 680-690 |
| | အခွံချွတ်အခြမ်း | 1160-1170 | 1080-1090 | 1045-1055 | 1020-1040 | 1020-1040 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 830-840 | 830-840 | 815-825 | 815-825 | 770-780 |
| | အခွံချွတ်အခြမ်း | 1080-1100 | 1080-1100 | 1065-1085 | 1065-1085 | 1040-1060 |
| ပဲလွန်းဖြူ | FAQ | 695-705 | 675-685 | 675-685 | 675-685 | 675-685 |
| | SQ | 775-785 | 755-765 | 755-765 | 755-765 | 770-780 |
| | အခွံချွတ်အခြမ်း | 835-855 | 815-835 | 815-835 | 815-835 | 815-835 |
| ပဲလွန်းနီ | FAQ | 650-660 | 670-680 | 680-690 | 700-710 | 700-710 |
| ပဲထောပတ် | FAQ | 990-1000 | 970-980 | 940-950 | 920-930 | 890-900 |
| | အခွံချွတ်အခြမ်း | 1015-1035 | 995-1015 | 965-985 | 945-965 | 915-935 |
| ပြောင်းဆန် | | 255-265 | 255-265 | 255-265 | 260-270 | 260-270 |
| နှမ်းဖြူ | | 1390-1400 | 1380-1390 | 1380-1390 | 1360-1370 | 1340-1350 |
| နှမ်းနက်(စမုန်) | | 2330-2340 | 2330-2340 | 2330-2340 | 2370-2380 | 2370-2380 |
| နှမ်းညို | | 1135-1145 | 1135-1145 | 1135-1145 | 1155-1165 | 1155-1165 |
| နှမ်းနက်(ရိုးရိုး) | | 2050-2060 | 2050-2060 | 2050-2060 | 2120-2130 | 2160-2170 |
| မြေထောက်ပဲ(အနီ)FAQ | | 910-920 | 880-890 | 860-870 | 840-850 | 820-830 |
| မြေထောက်ပဲ(အနီ)SQ | | 1000-1010 | 970-980 | 950-960 | 930-940 | 910-920 |
| မြေထောက်ပဲ(အဖြူ) | | 1000-1010 | 970-980 | 950-960 | 930-940 | 910-920 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 910-920 | 880-890 | 860-870 | 840-850 | 820-830 |
| ပဲယင်း(ဝါ) | | 675-685 | 675-685 | 675-685 | 655-665 | 615-625 |
| ပဲယင်း(နီ) | | 675-685 | 675-685 | 675-685 | 665-675 | 675-685 |
| ပဲကြီး | | 810-820 | 790-800 | 790-800 | 770-780 | 770-780 |
| ပဲကြီးအခွံချွတ်အခြမ်း | | 930-950 | 910-930 | 910-930 | 890-910 | 890-910 |
| Azuki (Small Red Bean) | | 915-925 | 900-910 | 920-930 | 920-930 | 920-930 |
| စွန်တာနီ/ပြာ | | 690-700 | 690-700 | 690-700 | 670-680 | 640-650 |
| မြေပဲ (လုံးဆန်) | | | | | 1540-1550 | 1540-1550 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၅ ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 8.1.2025 to 14.1.2025 | 15.1.2025 to 21.1.2025 | 22.1.2025 to 28.1.2025 | 29.1.2025 to 4.2.2025 |
|---|---|---|---|---|---|
| 1 | Myanmar White Rice 5% Broken | 455-465 | 445-450 | 430-435 | 430-435 |
| 2 | Myanmar White Rice 5% Broken (Well Milled Sortexed) | 455-465 | 450-455 | 435-440 | 435-440 |
| 3 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 465-470 | 455-460 | 440-445 | 440-445 |
| 4 | Myanmar White Rice 10 % Broken | 455-460 | 440-445 | - | - |
| 5 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 455-465 | 450-455 | 435-440 | 435-440 |
| 6 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 450-455 | 445-450 | 430-435 | 430-435 |
| 7 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 435-440 | 420-430 | 410-415 | 410-415 |
| 8 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) | 405-410 | 400-405 | 390-400 | 390-400 |
| 9 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 455-460 | 450-460 | 435-440 | 435-440 |
| 10 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 450-460 | 445-450 | 430-435 | 430-435 |
| 11 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 445-450 | 440-445 | 425-430 | 425-430 |
| 12 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 410-415 | 410-415 | 410-415 | 410-415 |
| 13 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 455-460 | 450-455 | 430-435 | 430-435 |
| 14 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 450-455 | 440-450 | 425-430 | 425-430 |
| 15 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 445-450 | 435-440 | 420-425 | 420-425 |
| 16 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 410-415 | 410-415 | 410-415 | 410-415 |
| 17 | Myanmar White Rice (Thee Pu) 5% Broken (Well Milled Double Polished Sortexed) | 455-460 | 445-450 | 435-440 | 435-440 |
| 18 | Myanmar White Rice (Thee Pu) 10% Broken (Well Milled Double Polished Sortexed) | 450-455 | 440-445 | 430-435 | 430-435 |
| 19 | Myanmar White Rice (Thee Pu) 15% Broken (Well Milled Double Polished Sortexed) | 445-450 | 435-440 | 425-430 | 425-430 |
| 20 | Myanmar White Rice (Thee Pu) 25% Broken (Well Milled Double Polished Sortexed) | 410-415 | 410-415 | 410-415 | 410-415 |
| 21 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 445-450 | 445-450 | 420-425 | 420-425 |
| 22 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 440-445 | 440-445 | 410-420 | 410-420 |
| 23 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 435-440 | 435-440 | 405-410 | 405-410 |
| 24 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 410-415 | 410-415 | 400-405 | 400-405 |
| 25 | Myanmar White Rice (Nga Sein Yar Kyaw)25% Broken(Reasonably Well-Milled) | 405-410 | 405-410 | 390-400 | 390-400 |
| 26 | Myanmar Long Grain Fragrant Rice 5% Broken(Well Milled Double Polished Sortexed) | 485-500 | 485-500 | 485-500 | 485-500 |
| 27 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 455-460 | 455-460 | 425-430 | 425-430 |
| 28 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 450-455 | 450-455 | 410-420 | 410-420 |
| 29 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 445-450 | 445-450 | 405-410 | 405-410 |
| 30 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 410-415 | 410-415 | 400-405 | 400-405 |
| 31 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 620-630 | 620-630 | 620-630 | 620-630 |
| 32 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 610-620 | 610-620 | 610-620 | 410-620 |
| 33 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 620-630 | 620-630 | 620-630 | 620-630 |
| 34 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 610-620 | 610-620 | 610-620 | 610-620 |
| 35 | Myanmar Glutinous Rice 5% Broken (Well Milled) | 500-510 | 500-510 | 500-510 | 500-510 |
| 36 | Myanmar Glutinous Rice 10 % Broken (Well Milled) | 490-500 | 490-500 | 490-500 | 490-500 |
| 37 | Myanmar Glutinous Rice 15 % Broken (Well Milled) | 480-490 | 480-490 | 480-490 | 480-490 |
| 38 | Myanmar Glutinous Rice 25 % Broken (Well Milled) | 470-480 | 470-480 | 470-480 | 470-480 |
| 39 | Myanmar Glutinous Rice 10 % Broken (Reasonable Well Milled) | 465-475 | 465-475 | 465-475 | 465-475 |
| 40 | Myanmar Glutinous Rice 25 % Broken (Reasonable Well Milled) | 450-460 | 450-460 | 450-460 | 450-460 |
| 41 | Myanmar Brown Rice 10 % Broken | 390-400 | 390-400 | 390-400 | 390-400 |

**Source: MRF**

## ၂၀၂၅ ဇန်နဝါရီလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil | Brent Crude Oil | RBOB Gasoline | Natural Gas | Heating Oil |
|---|---|---|---|---|---|---|
| | | (USD/bbl) | (USD / bbl) | (USD/ gal) | USD/ MMBtu) | (USD/ gal) |
| 1 | 2.1.2025 | 71.86 | 74.76 | 201.62 | 3.59 | 230.70 |
| 2 | 3.1.2025 | 73.19 | 75.98 | 205.46 | 3.56 | 235.73 |
| 3 | 6.1.2025 | 73.64 | 76.17 | 204.34 | 3.65 | 234.97 |
| 4 | 7.1.2025 | 73.46 | 76.24 | 203.15 | 3.72 | 235.35 |
| 5 | 8.1.2025 | 74.69 | 77.39 | 203.52 | 3.45 | 237.86 |
| 6 | 9.1.2025 | 73.48 | 76.33 | 202.06 | 3.61 | 236.02 |
| 7 | 10.1.2025 | 74.27 | 77.29 | 204.07 | 3.79 | 239.20 |
| 8 | 11.1.2025 | 76.57 | 79.76 | 207.49 | 3.99 | 250.17 |
| 9 | 13.1.2025 | 78.13 | 81.29 | 210.42 | 4.14 | 258.28 |
| 10 | 14.1.2025 | 78.58 | 80.70 | 209.91 | 3.93 | 252.94 |
| 11 | 15.1.2025 | 77.64 | 79.98 | 212.02 | 3.91 | 253.73 |
| 12 | 16.1.2025 | 80.19 | 82.15 | 216.30 | 4.04 | 262.70 |
| 13 | 17.1.2025 | 79.22 | 81.63 | 212.83 | 4.25 | 263.17 |
| 14 | 20.1.2025 | 78.08 | 80.77 | 211.81 | 3.80 | 264.76 |
| 15 | 21.1.2025 | 77.36 | 80.08 | 211.36 | 3.81 | 260.78 |
| 16 | 22.1.2025 | 75.48 | 79.03 | 207.48 | 3.74 | 255.58 |
| 17 | 23.1.2025 | 75.25 | 78.79 | 205.49 | 3.98 | 246.45 |
| 18 | 24.12025 | 74.55 | 78.23 | 206.29 | 3.94 | 247.77 |
| 19 | 27.1.2025 | 74.02 | 77.87 | 202.92 | 3.79 | 245.85 |
| 20 | 28.1.2025 | 73.49 | 77.45 | 203.96 | 3.70 | 248.08 |
| 21 | 30.1.2025 | 72.61 | 76.43 | 202..35 | 3.19 | 244.95 |
| 22 | 31.1.2025 | 73.29 | 77.29 | 205.70 | 3.07 | 249.78 |

Source: Bloomberg Commodities

## ၂၀၂၅ ဇန်နဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 2.1.2025 | 2636 | 2642 |
| 2 | 3.1.2025 | 2660 | 2665 |
| 3 | 6.1.2025 | 2637 | 2639 |
| 4 | 7.1.2025 | 2641 | 2647 |
| 5 | 8.1.2025 | 2648 | 2654 |
| 6 | 9.1.2025 | 2668 | 2670 |
| 7 | 10.1.2025 | 2678 | 2684 |
| 8 | 11.1.2025 | 2694 | 2699 |
| 9 | 13.1.2025 | 2690 | 2688 |
| 10 | 14.1.2025 | 2674 | 2680 |
| 11 | 15.1.2025 | 2678 | 2680 |
| 12 | 16.1.2025 | 2697 | 2701 |
| 13 | 17.1.2025 | 2718 | 2723 |
| 14 | 20.1.2025 | 2701 | 2711 |
| 15 | 21.1.2025 | 2728 | 2735 |
| 16 | 22.1.2025 | 2750 | 2757 |
| 17 | 23.1.2025 | 2754 | 2758 |
| 18 | 24.12025 | 2776 | 2781 |
| 19 | 27.1.2025 | 2759 | 2763 |
| 20 | 28.1.2025 | 2748 | 2752 |
| 21 | 30.1.2025 | 2763 | 2768 |
| 22 | 31.1.2025 | 2796 | 2803 |

Source: Bullionvault,